ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (25-8-2011) (၆၈၆၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

ရထားဝင်ငွေ တိုးတက်လာသည်နှင့်အမျှ ရထားအဆင့်အတန်းတိုးတက်ရေး ပိုမိုလုပ်ဆောင်နိုင်မည်

ရန်ကုန်မြစ်တွင်း သန့်ရှင်းလုပရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအား တာဝန်ပေးထား

နေပြည်တော် ဩဂုတ် ၂၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈၇ ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၏ **"ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများသည် နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ ဟုတ်/မဟုတ်နှင့် မည်သည့် သတ်မှတ်ချက်စံနှုန်းများဖြင့် ရွေးချယ်သည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ဖြေကြားရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တွင် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို ဦးစားပေး၍ အရည်အချင်းသတ်မှတ်ချက်ကိုက်ညီသူများကို ရွေးချယ်တက်ရောက်စေလျက်ရှိပါကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လေ့ကျင့်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ **သင်တန်းသား ရွေးချယ်ရာတွင် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် တိုင်းရင်းသားလူငယ်များနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးကျောင်း ၂၉ ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် တိုင်းရင်းသားလူငယ်များကို ဦးစားပေး၍ ရွေးချယ်ပါကြောင်း။**

သင်တန်းသား အရည်အချင်းသတ်မှတ်ချက်အနေဖြင့် နယ်စပ်ဒေသတွင် နေထိုင်သော ပြည်ထောင်စု တိုင်းရင်းသားဖြစ်၍ ရိုးရာဘာသာစကားကို တတ်ကျွမ်းရမည်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ပြီး ပညာသင်နှစ်၏ ဇွန် ၃၀ ရက်တွင် အသက် ၂၀ ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူဖြစ်ရမည်၊ အဝေးသင်တက္ကသိုလ်အပါအဝင် အခြားတက္ကသိုလ်များတွင် တစ်ပြိုင်တည်း ပညာဆည်းပူးနေသူ မဖြစ်စေရ၊ စိစစ်ရွေးချယ်ရေးအဖွဲ့၏ လူတွေ့စစ်ဆေးခြင်းကို ခံယူရမည်၊ ကျန်းမာရေးဆေးစစ်၍ အောင်မြင်သူဖြစ်ရမည်ဟူ၍ သတ်မှတ်ထားပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်စဉ်။
(သတင်းစဉ်)

ပုသိမ်မြို့မှ ပြည်ပသို့ ဆန်တိုက်ရိုက်တင်ပို့ ၁၅ နှစ်တာ ကာလအတွင်း ပထမဆုံးဖြစ်

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချို ရေငန်ထွက် ရေထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ(ကန့်သတ်ကုန်ပစ္စည်းများမှအပ) အပါအဝင် ပြည်ပပို့ကုန်အမျိုးအစားများ၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ) အရ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ ခြောက်လကင်းလွတ်ခွင့်ပြုခဲ့ရာ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပြည်ပသို့ ၁၅ နှစ်တာအတွင်း ပထမဦးဆုံး ဆန်တိုက်ရိုက်တင်ပို့ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဟသ်ာတ ဆန်စပါးအထူးပြုကုမ္ပဏီ၊ ဧရာဝတီ ပုသိမ် ဆန်စပါးအထူးပြုကုမ္ပဏီနှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ◆

အင်းလေးကန် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး
(သတင်း)စာမျက်နှာ ၅



အင်းလေးရိုးရာ လှေလှော်ခတ်ပုံ ကမ္ဘာလှည့်များ စိတ်ဝင်စား
(သတင်း)စာမျက်နှာ ၂

ဦးပိန်တံတား၌ ပြည်သူများ စည်ကား
(သတင်း)စာမျက်နှာ ၇



အင်တာမှ အီတူး ရုရှားလိဂ်သို့ ပြောင်း
(သတင်း) စာမျက်နှာ ၁၀

သက်ရှိမျိုးစိတ်သန်းပေါင်းများစွာ အမည်ပေးနိုင်ခြင်း မရှိသေး
(သတင်း)စာမျက်နှာ ၆

ကြေးမုံ The Mirror
၂၅-၈-၂၀၁၁
(ကြာသပတေးနေ့)

တာဝန်နှင့် လုပ်ပိုင်ခွင့် စွဲမှတ်လိုက်နာ

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတို့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သက်ဆိုင်ရာ လွှတ်တော်ခန်းမ အသီးသီး၌ ဆက်လက်ကျင်းပလျက်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အစီရင်ခံစာတင်သွင်းခြင်း၊ ဥပဒေကြမ်း တင်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

လွှတ်တော်များသည် ဒီမိုကရေစီ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ စုစည်းတည်ရှိရာ အဖွဲ့အစည်းဖြစ်သကဲ့သို့ အာဏာများကို မျှတစွာ ခွဲဝေကျင့်သုံးစေသော အဖွဲ့အစည်းကြီးလည်းဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏သဘောထားဆန္ဒများကို သယ်ဆောင်လာကြပြီး မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများအဖြစ် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြမည်ဖြစ်သည်။

မိမိတို့ မဲဆန္ဒနယ်မြေအကျိုးအတွက် လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်းပြုနိုင်သည်။ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် ကြံ့ခိုင်ရေးတို့အတွက်လည်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုမပါဘဲ မေးခွန်းများ မေးမြန်းနိုင်ခွင့်ရှိကြသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများ မထားရှိဘဲ အများပြည်သူအကျိုး၊ နိုင်ငံ့အကျိုး ဦးတည်သယ်ပိုးကြရပေမည်။

ဒီမိုကရေစီ၏ အသွင်သဏ္ဌာန်ဖြစ်သော လွှတ်တော်စနစ်ကို မကြာသေးမီကမှ စတင်ကျင့်သုံးခဲ့ခြင်းဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ကြသူများ ဖြစ်သည်။ နောက်လူတို့ အတုယူနိုင်အောင် ကြိုးပမ်းကြရပေမည်။ အတိတ်ကသင်ခန်းစာများကိုရယူပြီး မျက်မှောက်ကာလတွင် ဆောင်ရွက်သင့်သောကိစ္စများကို ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ ညီညီညွတ်ညွတ်လုပ်ဆောင်သွားကြရပေမည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးပင်ဖြစ်သည်။ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးသော ဥပဒေများကို အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့များက လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ဥပဒေပြုရေးလုပ်ငန်းကို ပြည်သူ့အကျိုးစီးပွားရှုထောင့်ကကြည့်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်သော ဥပဒေများ၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

လွှတ်တော်သည် အရည်အချင်းရှိရန်၊ ခိုင်မာတောင့်တင်းရန်၊ ခိုင်မြဲအောင် တည်ဆောက်နေကြရန် လိုအပ်သည်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးတို့သည် စည်းလုံးညီညွတ်မှု၊ တစ်ဦးနှင့်တစ်ဦး နားလည်လေးစားမှုများဖြင့် ပြုမူဆောင်ရွက်ကြရပေမည်။ အဓိကအားဖြင့် မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အစဉ်အမြဲ စွဲမှတ်လိုက်နာရင်း ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူ့မျှော်လင့်ချက်များကို ရှေးရှုပြီး ကြိုးပမ်းစွမ်းဆောင်သွားသင့်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

ကရင်ပြည်နယ် ဘားအံမြို့အပါအဝင် ဒေသများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းရေးအတွက် စက်မှုဇုန်ထူထောင်မည်

နေပြည်တော် ဩဂုတ် ၂၄

ကရင်ပြည်နယ် စက်မှုဇုန်ထူထောင်ရေးအစည်းအဝေးကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ဘားအံမြို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စက်မှုဇုန်ထူထောင်ရေးနှင့် စပ်လျဉ်း၍ရည်ရွယ်ချက်၊ အလားအလာများနှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြမ်းဖျင်းရွေးချယ်ထားသော စက်မှုဇုန်တည်နေရာနှင့် ပြည်နယ်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် အလုပ်ရုံစစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က စက်မှုဇုန်ထူထောင်ရေးနှင့် ဆက်စပ်နေသော အကြောင်းအရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ကရင်ပြည်နယ်၏ ပကတိအခြေအနေနှင့် အလားအလာများအရ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်မည့် စက်မှုလက်မှုလုပ်ငန်းများ၊ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများ သာမက ပြည်ပပို့ကုန်များကိုပါ ထုတ်လုပ်ပေးနိုင်မည့် အခြေအနေ၊ CMP လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အလားအလာ၊ ရင်းနှီးမြှုပ်နှံလိုသူများအား ဆွဲဆောင်စည်းရုံးနိုင်မည့် အနေအထား၊ နည်းပညာရရှိရေး၊ ဈေးကွက်ရရှိရေးတို့နှင့် စပ်လျဉ်းသည်များကို ဆွေးနွေးကြသည်။

ထို့နောက် ဘားအံစက်မှုဇုန်ထူထောင်မည့် ဘားအံ-လှိုင်းဘွဲ့ကားလမ်းပေါ်ရှိ ဘားအံမြို့မှ ခုနစ်မိုင်အကွာ အကျယ်အဝန်း ဧက ၁၀၀၀ ရှိ မြေနေရာကို သွားရောက်ကြည့်ရှုကြပြီး လျှပ်စစ်မီး၊ စက်မှုသုံးရေနှင့် သောက်သုံးရေ ရရှိနိုင်မည့်အခြေအနေ၊ လမ်းပန်းဆက်သွယ်မှု ကွန်ရက်နှင့် သတင်းဆက်သွယ်မှုကွန်ရက်များ ထူထောင်နိုင်မည့် အလားအလာ၊ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအား ခေါ်ယူပြသနိုင်ရေးစသည့် စက်မှုဇုန်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အကြောင်းအချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါစက်မှုဇုန်အား ယခုနှစ်ကုန်တွင် အကောင်အထည်ဖော်မည်ဖြစ်သည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၂၅၀	၀. ၀၃၃၄၂
တရုတ် (ယွမ်)	၆. ၃၈၉၅၀	၀. ၁၅၆၅၁
အိန္ဒိယ (ရူပီး)	၄၆. ၀၀၀၀	၀. ၀၂၁၇၄
မလေးရှား (ရင်းဂစ်)	၂. ၉၇၅၀၀	၀. ၃၃၆၁၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၄၇၄	၀. ၈၃၀၀၅
ဂျပန် (ယန်း)	၇၆. ၅၄၁၅	၀. ၀၁၃၀၆
တောင်ကိုရီးယား(ဝမ်)	၁၀၈၀. ၅၀	၀. ၀၀၀၉၃
ယူရို	၀. ၆၉၁၁၄	၁. ၄၄၆၈၈
ဗြိတိသျှ (ပေါင်)	၀. ၆၀၇၂၉	၁. ၆၄၆၆၅

သက်ကြီးဆရာဝန်များအား အရိုးပွစစ်ဆေးခြင်း အခမဲ့ပြုလုပ်ပေးမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ (SGED)မှ Bone Densitonetry (အရိုးပွစစ်ဆေးခြင်း)ကို အသက်(၇၀)ကျော် သက်ကြီးဆရာဝန်များအား ဩဂုတ် ၂၉ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ဗဟိုစည်ဆေးခန်း၌ စစ်ဆေးမည်ဖြစ်၍ စစ်ဆေးခံယူလိုသော ဆရာဝန်ကြီးများသည် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ ရုံးခန်း ဖုန်း-၃၉၄၂၂၉၊ ၀၉-၇၃၀၂၈၁၈၆ တို့သို့ ဩဂုတ် ၂၇ ရက် (စနေနေ့) နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ (ကြေးမုံ)

အင်းလေးရိုးရာ လှေလှော်ခတ်ပုံ ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စား

အင်းလေးဒေသတစ်ဝိုက် နှံ့နှံ့စပ်စပ်သွားမယ်ဆိုရင် ရေကြောင်းခရီးဖြင့်သာ အများဆုံးသွားရမှာဖြစ်ပါတယ်။ သွားလာရေးအတွက် ယနေ့တိုင် အင်းလေးသူ၊ အင်းလေးသားတို့ အသုံးပြုနေကြတဲ့ တိုင်းရင်းသားရိုးရာလှေများဟာ မရှိမဖြစ် အသုံးဝင်ပါတယ်။ လက်၊ ခြေတို့နဲ့ လှော်ခတ် အသုံးပြုကြပြီး လှေအရွယ်အစားအလိုက် ငါးတောင်၊ ဆယ်တောင်၊ ဆယ့်နှစ်တောင်၊ ဆယ့်ခြောက်တောင်၊ အတောင်နှစ်ဆယ် အစရှိသဖြင့် အသုံးပြုမည့်လုပ်ငန်းအလိုက် လှေများကို မှာယူ၊ အသင့်ဝယ်ယူ အသုံးပြုလျက်ရှိနေကြပါတယ်။

ရေကြောင်းခရီးမှာလှေစီးပြီး ခရီးသွားရတာဟာ ဘုရားကျောင်းတက်တက်၊ အလှူအတန်းသွားသွား၊ ဈေးဝယ်ထွက်ထွက်၊ ဆွမ်းအုပ်၊ ဆွမ်းချိုင့်ပို့ပို့၊ ကိုရင်လေးများ ဆွမ်းခံကြွကြွ၊ နောက်ဆုံးချိုးရေခပ်ရေ သုံးသုံး စက်တပ်ရေယာဉ်များထက် အများဆုံး အသုံးတည့်နေပါတယ်။

ခြေဖြင့် လှော်တက်ကိုလှော်

ကမ္ဘာတွင် မည်သည့်နိုင်ငံမှ လှေလှော်ရာတွင် လှော်တက်ကို ခြေထောက်နဲ့လှော်တဲ့နိုင်ငံ မရှိခဲ့ပါ။ မြန်မာနိုင်ငံတွင်သာ အင်းလေးကန်မှ အင်းသားလူမျိုးတို့က လှေငယ်၊ လှေကြီးများကို လက်နဲ့ ခြေထောက်အားကိုယူပြီး လှော်ခတ်သွားလာတတ်ကြသည်မှာ အံ့သြဖွယ်ဖြစ်ပါတယ်။

သတင်းနှင့် ဓာတ်ပုံ - ညိုဝင်းအောင်(တောင်ကြီး)

ရှေးက အင်းသားကြီးများ ရေဆန်၊ ရေစုန်လှော်တက်ကို ခြေထောက်အားနဲ့ လှော်ခတ်တတ်ကြပြီး လှော်တက်ထိပ်ကို လက်နဲ့ကိုင်ကာထိန်းပြီး သွားလာကြသည်ကို ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စား မှတ်တမ်းတင်ကြပါတယ်။

ဒါ့အပြင် လှေငယ်ပေါ်တွင်ထိုင်ပြီး လှော်ခြင်းထက် ရပ်ပြီး လှော်ခတ်သွားလာကြသည်မှာ ပို၍အရှိန်ကောင်းပြီး ခရီးမြန်ဆန်စွာ သွားလာနိုင်ကြသည်ဟုဆိုပါတယ်။ လှေကိုလည်း ဟန်ချက်ညီအောင်လည်း ထိန်းနိုင်ကြပါတယ်။

အင်းလေးမှာရွာတဲ့မိုး

မိုးတွင်းကာလ အင်းလေးမှာ မိုးများအုံ့ဆိုင်းကာ တိမ်တိုက်မည်းကြီးတွေ လွှမ်းခြုံနေပြီဆိုရင် ခရီးသွားလာသူတို့ ဒေသခံကျွမ်းကျင်သော လှေသမားများရဲ့စကားကို လိုက်နာပြီး ခရီးသွားသင့်ပါတယ်။ တောင်အရပ်မှ လေတိုက်နှုန်း၊ မြောက်အရပ်မှ လေတိုက်နှုန်းခန့်မှန်းချက်များနဲ့ အင်းလေးရေပြင်ရဲ့ လှိုင်းကြီးနိုင်တဲ့ အခြေအနေများကို သိထားရမှာပါ။

မည်သည့်အချိန်တွင် မိုးရွာနိုင်ကြောင်း၊ မိုးကြီးနိုင်ကြောင်း၊ မိုးဖွဲနိုင်ကြောင်း အတွေ့အကြုံရှိသူတွေရဲ့ပြောစကားကို လိုက်နာရပါတယ်။ အင်းလေးဒေသရဲ့ မိုးလေဝသအကြောင်းကို တွေ့ကြုံသိဖူးမှသာ အန္တရာယ်ကင်းစွာဖြင့် လိုရာခရီးကို သွားလာနိုင်ကြမှာဖြစ်ပါတယ်။

အင်းလေးကန်အတွင်း အင်းသားလူမျိုးတို့၏ ငါးဖမ်းဆောင်းလှေအား ခြေဖြင့်လှော်ခတ်ပုံကို ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားကြသည်။



ဒုဋ္ဌဝတီ၊ စစ်တောင်းနှင့် ငဝန်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၇၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာ(သုည ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၂၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၅ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

(25-8)02.pmd 1 8/25/2011, 3:30 AM

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

❖ **ရွှေဖုံးမှ**

ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဝိဇ္ဇာ/သိပ္ပံဘွဲ့ ကျောင်းသား ၂၀၀ နှင့် အင်ဂျင်နီယာသိပ္ပံ ကျောင်းသား ၂၀၀ အထိ တိုးမြှင့်လက်ခံသင်ကြားပေးရန် စီမံထားရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ မြန်မာ့မီးရထားနှင့်စပ်လျဉ်းသည့် မေးခွန်းနှစ်ခုကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြန်လည်ဖြေကြားသည်။

နောင်ချို မဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **"ဂုတ်ထိပ်မီးရထားလမ်း ပေါင်းကူးတံတားကြီးကို အသစ်ပြန်လည်တည်ဆောက်ပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၀၂ ခုနှစ် ဧပြီ ၂၆ ရက်က JICA နှင့် မြန်မာ့မီးရထားတို့၏ စစ်ဆေးတွေ့ရှိချက်အရ တံတားအခြေအနေ ခိုင်ခံ့ကောင်းမွန်နေပါကြောင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်သွားပါက သက်တမ်းကြာမြင့်စွာ ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် နှစ်စဉ် ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းအပြင် အခါ အားလျော်စွာ သီးခြားပညာရှင်များ အဖွဲ့ဖြင့်လည်း စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ **ရထားပြေးဆွဲမှု မပြတ်တောက်ရေးအတွက် လက်ရှိ ဂုတ်ထိပ်တံတား၏အောက်ဘက် အနိမ့်ပိုင်းတွင် အရန်အဖြစ် ရထားလမ်းတစ်လမ်းကို ဖောက်လုပ်ထားပြီးဖြစ်ပါကြောင်း၊ နှစ်စဉ်ရန်ပုံငွေများ ခွဲဝေသတ်မှတ်လျက် ပုံမှန်စစ်ဆေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးမြင့်သူ၏ **"လူစီးရထားတွဲများ နိုင်ငံတကာအဆင့်မီရေး၊ ရထားလမ်းများကြံ့ခိုင်ရေးနှင့် ဘူတာများသန့်ရှင်းရေးတို့အတွက် ဘက်စုံ အဆင့်အတန်းမြင့်မားစေရေး ပြုပြင်ဆောင်ရွက်ပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ လူစီးတွဲများ ဝယ်ယူနိုင်ရန် စီစဉ်လျက်ရှိပြီး (၂)နှစ်ခန့်အတွင်း ရောက်ရှိကြမည်ဖြစ်ရာ ထိုအချိန်တွင် လက်ရှိအဆင့်အတန်းထက် ပိုမိုမြင့်မားလာမည် ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားတွင်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ကြိုးပမ်းလျက်ရှိပါကြောင်း၊ **ခရီးသည်လက်မှတ်ခ၊ ကုန်တန်ဆာခများ ဖြစ်သင့်သည့်အတိုင်းအတာအထိ တိုးမြှင့်နိုင်ပါက ရထားဝင်ငွေ တိုးတက်လာသည်နှင့်အမျှ ရထားအဆင့်အတန်း တိုးတက်ရေးကိုလည်း ပိုမိုလုပ်ဆောင်နိုင်မည့် အခြေအနေရှိပါကြောင်း၊ ဘူတာသန့်ရှင်းရေးအတွက် ပြင်ပလုပ်ငန်းရှင်များသို့ တင်ဒါခေါ်ယူ၍ ကန်ထရိုက်ပေးခြင်းစနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း၊ လွတ်လပ်ရေးမတိုင်မီ ဆောက်လုပ်ခဲ့သော ဘူတာများအား ဦးစားပေးအလိုက် ပြုပြင်သွားရန် အစီအစဉ်ရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **"ရန်ကုန်ဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၊ အခြေခံကုန်တင်ကုန်ချ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ သင့်လျော်သည့်နေရာတွင် ဆောက်လုပ်ပေးရန်နှင့် ရန်ကုန်မြစ်အတွင်း စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ၊ ဗေဒါပင်များကြောင့် လိုအပ်နေသော ဆိပ်ကမ်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ပေးရန်"** မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်ထံမှ ရန်ပုံငွေတောင်းခံရရှိပါက **ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် မြေကွက်လပ်များရှာဖွေ၍ အိမ်ရာများ တိုးချဲ့ဆောင်ရွက်ပေးသွားမည့် အစီအစဉ်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ရန်ကုန်မြစ်တွင်း သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ယူဆောင်ရွက်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအား တာဝန်ပေးအပ်ထားပါကြောင်း**နှင့် လိုအပ်သည့် အဖွဲ့အစည်းများထပ်မံတိုးချဲ့ဖွဲ့စည်းပြီး ဆိပ်ကမ်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုတိုးတက်အောင် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်၏ **"ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပန်းတော-ကမာကလုတ်-မင်္ဂလွန်း-ခနောင်-တံတားကျောက်ခင်းလမ်း ၂၂ မိုင် ၁ ဖာလုံအနက် ကျန်ရှိသော လမ်းပိုင်း ၁၅ မိုင် ၆ ဖာလုံအား ကတ္တရာလမ်း(သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် တိုးမြှင့်ပေးရန်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပန်းတော-ဘောဂလွတ်-ချောင်းဝ-မီးပြ-ဇွဲဘာတုန်းတန်း-သံတဲမြေသား လမ်း ၁၄ ဒသမ ၅ မိုင်အနက် ကျန်လမ်းပိုင်း ၈ မိုင် ၇ ဖာလုံအား ကျောက်ချောလမ်း (သို့မဟုတ်) ကွန်ကရစ်လမ်းဖြင့် ခင်းကျင်းပေးရန်"** မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားရာတွင် ကဒ္ဒပန-ခနောင်-ကမာကလုတ်-ပန်းတော လမ်းသည် ရေငန်တား တာပေါင်ကို လမ်းအဖြစ်ဖောက်လုပ်ထားခြင်း၊ မိုးရွာသွန်းမှုများပြားခြင်း၊ လမ်းတာပေါင်အတွင်း ရေစိမ့်ဝင်မှုများခြင်း၊ လမ်းသားခံနိုင်မှု အားနည်းခြင်းတို့ကြောင့် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပါက အချိန်တိုအတွင်း ပျက်စီးသွားနိုင်ပြီး ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်ချက်များပြားသည့်အတွက် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ **စံပြရွာကြီးများအတွင်းရှိ ကျောက်ချောလမ်းများအား ကတ္တရာလမ်း အပိုင်းလိုက်ခင်းခြင်းနှင့် သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းနှင့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတို့တွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအရ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။**

ပန်းတော-မီးပြ-ကမာကလုတ်လမ်းသည် ရေငန်တားတာပတ် တာပေါင်လမ်းဖြစ်သဖြင့် ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ်သာ အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းနှင့် သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတို့တွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအရ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဘဏ္ဍာရေးကဏ္ဍဆိုင်ရာမေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၏ **ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်တည်ဆောက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍

နောင်ချို မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦး ကျော် မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ရရှိပါက ပြန်လည် ဆောက်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနည်းတူ နိုင်ငံ့ဝန်ထမ်းများ၏ အခြေခံလစာငွေကို တိုးမြှင့်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၏ အခြေခံလစာနှုန်းထားများ တိုးမြှင့်ပေးရန်အတွက် နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်တော်သော အချိန်ကာလတွင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်း(၄)ခုကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၏ **ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများတွင် လိုအပ်နေသော စာသင်ခုံအစုံ (၈၉၀)အား စီစဉ်ဆောင်ရွက်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ လှိုင်သာယာမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၂ ကျောင်း၌ လိုအပ်သော စာသင်ခုံအစုံ ၈၉၀ အား ခွဲဝေပေးနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စိစစ်ပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **လက်ရှိအခြေခံပညာ အထက်တန်းအဆင့် ပညာသင်နှစ်ကို တစ်နှစ်ထပ်မံတိုးမြှင့်သင်ကြားပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ အထက်တန်းအဆင့်တွင် နိုင်ငံတကာ သင်ရိုးမာတိကာကိုအဆင့်မီ ပြုစုရေးဆွဲသင်ကြားပေးလျက်ရှိသော်လည်း ပညာသင်ကာလ(၃)နှစ် သတ်မှတ်သင်ကြားပေးရန် သင့်/မသင့် လေ့လာသုံးသပ်ဆဲဖြစ်ပါကြောင်း၊ အထက်တန်းအဆင့်တွင် အတန်းတစ်တန်းတိုးချဲ့သင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်နိုင်ရန် အချိန်ကာလ(၂)နှစ်ခွဲခန့် ကြာမြင့်နိုင်ပါကြောင်း၊ ကျခံသုံးစွဲရမည့် ဘဏ္ဍာငွေပမာဏကိုလည်း နိုင်ငံတော်က ထိုကာလအတွင်း ဖြည့်ဆည်းပေးရမည်ဖြစ်သဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ကုန်ကျစရိတ်များကို အသေးစိတ် စိစစ်တွက်ချက်၍ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြန်လည်ဆွေးနွေးညှိနှိုင်းပြီးမှသာ စတင်နိုင်မည့်နှစ်ကို ဖြေကြားနိုင်မည်ဖြစ်ပါကြောင်း။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **စာသင်ကျောင်းများ၌ အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် ကဗျာ၊ အတ္ထုပ္ပတ္တိများ ဖတ်ကြားဆွေးနွေးခြင်းများ ပြန်လည်ပြုလုပ်ရန် ရည်ရွယ်ချက် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနှင့် နောက်ပိုင်းနှစ်များတွင် အာဇာနည်နေ့ကို အကြောင်းပြုပြီး နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု ပျက်ပြားစေရန် စည်းရုံးလှုံ့ဆော်မှုများရှိခဲ့၍ အကြိုလှုပ်ရှားမှုများကို လျှော့ပေါ့ခဲ့သော်လည်း မြန်မာစာနှင့် သမိုင်းသင်ခန်းစာများတွင် အာဇာနည်နေ့ဖြစ်ရပ်များ အပါအဝင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း သင်ခန်းစာများကို ယခင်က

မူဆယ်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော် ကိုယ် စား လှယ် စိုင်း ဘိုး အောင် မေးမြန်းစဉ်။ (သတင်းစဉ်)

အတိုင်း ထည့်သွင်းသင်ကြားပေးလျက် ရှိပါကြောင်းနှင့် အာဇာနည်နေ့ အကြိုလှုပ်ရှားမှုများဖြစ်သည့် ကဗျာရွတ်ဆိုခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ဟောပြောပွဲများ ကျင်းပခြင်းတို့ကို နှိုးဆော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **MRTV-4 တွင် တက္ကသိုလ်ဝင်တန်းအတွက် သင်ခန်းစာပို့ချမှုများ ရပ်ဆိုင်းခဲ့ခြင်းနှင့်ပတ်သက်၍ ဆက်လက်ထုတ်လွှင့်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ MRTV-4 မှ ပညာရေးသင်ခန်းစာများထုတ်လွှင့်ရာတွင် ပညာရေးဝန်ကြီးဌာနက ပေးပို့ထားသည့် သင်ခန်းစာပို့ချချက်များမဟုတ်ဘဲ ကိုယ်ပိုင် ကျောင်း/ကိုယ်ပိုင်သင်တန်းများတွင် ဘာသာပြ ကိုယ်ပိုင်ကျောင်းဆရာသို့မဟုတ် ဘာသာရပ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်နေသည့် နာမည်ကြီး Tuition ဆရာများ၏ ပို့ချချက်များသာဖြစ်ကြောင်း၊ ရုပ်မြင်သံကြားဌာနများက ပညာရေးသင်ခန်းစာများကို ထုတ်လွှင့်လိုပါက ပညာရေးဝန်ကြီးဌာနက ပေးပို့ထားသည့် ပို့ချချက်များကိုသာ ထုတ်လွှင့်ပေးသင့်ကြောင်း၊ ရုပ်မြင်သံကြားအစီအစဉ်များမှ ထုတ်လွှင့်ရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြန်လည်ညှိနှိုင်းသတ်မှတ်ရန်ရှိသဖြင့် ဝန်ကြီးဌာန(၂)ခု ညှိနှိုင်းဆုံးဖြတ်သည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် မူဆယ်မဲဆန္ဒနယ်မှ စိုင်းဘိုးအောင်၏ **ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ဆေးလိပ်ငွေ့ကင်းစင်ရမည့်နေရာကို ဖြည့်စွက်ပြဋ္ဌာန်းနိုင်ခြင်း ရှိ/မရှိ၊ မြို့တွင်းလူနေရပ်ကွက်ရှိ စီးကရက်စက်ရုံ၊ ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများနှင့် သက်ဆိုင်ခြင်း ရှိ/မရှိနှင့် အဆိုပါ စက်ရုံများကို မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ကလေးကစားရုံနှင့် ကစားကွင်းများ၊ ကျောင်းပရိဝုဏ်အတွင်း ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်း၊ ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများသည် ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများတွင် အကျုံးဝင်ပါကြောင်း၊ ဆေးလိပ်လုံးဝသောက်ခွင့်မရှိသောနေရာများတွင် ဆေးလိပ်သောက်သုံးခြင်းမပြုရန် တားမြစ်ပြဋ္ဌာန်းချက်ကို လိုက်နာခြင်းဖြင့် ထိုနေရာများသည် ဆေးလိပ်ငွေ့ကင်းစင်သည့်နေရာအဖြစ် ရောက်ရှိမည်ဖြစ်သောကြောင့် ဥပဒေတွင် "ဆေးလိပ်ငွေ့ကင်းစင်ရမည့်နေရာ"ကို ဖြည့်စွက်ရန် လိုအပ်ခြင်းမရှိပါကြောင်း၊ **စီးကရက်စက်ရုံနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများသည် ၎င်းဥပဒေပုဒ်မ ၇(ခ)အရ ဆေးလိပ်သောက်ခွင့်နေရာ စီမံထားရှိရမည့် အခြားစက်ရုံ၊ အလုပ်ရုံများနည်းတူသာ ၎င်းဥပဒေနှင့်သက်ဆိုင်ပါကြောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ အများပြည်သူ ကျန်းမာရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဘေးအန္တရာယ်မကျရောက်စေရေးအပြင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် နယ်မြေအလိုက် ကွင်းဆင်းစစ်ဆေး၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပါကြောင်းနှင့် အဆိုပါဥပဒေပြဋ္ဌာန်းပြီးပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁

❀ စာမျက်နှာ ၃ မှ

ဆက်လက်၍ ယမန်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ဆွေးနွေးကြပြီး ယင်းအစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ယမန်နေ့ကတင်သွင်းခဲ့သည့် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **“ရင်းနှီးမြှုပ်နှံမှုစရိတ် ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်းမြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေး”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးက လည်းကောင်း၊ **“စီးပွားရေးနှီးဆွငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်းတစ်ရပ်ထူထောင်လုပ်ကိုင်ရေး”** အဆိုကို လွှတ်တော်ကိုယ်စားလှယ် သုံးဦးက လည်းကောင်း ဆွေးနွေးကြပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးကြည်မြင့်က ၎င်း၏အဆိုများကို ပြန်လည်ရုပ်သိမ်းလိုကြောင်းတင်ပြရာ လွှတ်တော်က သဘောတူကြောင်း အတည်ပြုဆုံးဖြတ်သည်။

ဆက်လက်၍ ယမန်နေ့က တင်သွင်းခဲ့သည့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်၏ **“ မြန်မာနိုင်ငံ ဆေးကောင်စီ (Myanmar Medical Council)အား အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ် ရပ်တည်ခွင့်ပြုမိန့်”** အဆိုကို လွှတ်တော်ကိုယ်စားလှယ် သုံးဦးက လည်းကောင်း၊ **“ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ (Medical Protection Society) ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက လည်းကောင်း ဆွေးနွေးကြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဒေါက်တာမောင်မောင်ဝင့်၏ အဆိုများကို လွှတ်တော်က သဘောတူကြောင်း အတည်ပြု ဆုံးဖြတ်သည်။

ထို့နောက် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈(ဂ)ပါ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ မြို့နယ်အလိုက်၊ တိုင်းရင်းသားမိဘပြည်သူများနှင့် ပုဂ္ဂလိကအလှူရှင်များက ပညာရေးရန်ပုံငွေထူထောင်ဆောင်ရွက်သင့်ကြောင်း”** အဆို၊ သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **“၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထေမဲ့မြင်ပြုမှုအက်ဥပဒေ (The Contempt of Courts Act., Act XII, 1926) ကို ရုပ်သိမ်းပေးပါရန်”** အဆိုကို တင်သွင်းကြသည်။

ယင်းအဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် ယင်းအဆိုများကို ဩဂုတ် ၂၅ ရက် (ကြာသပတေးနေ့)တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ ညနေပိုင်း၌ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ယင်းနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရပ်နားပြီး အစည်းအဝေးစတုတ္ထနေ့ကို ဩဂုတ် ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန်   ဩဂုတ်   ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ယနေ့နံနက် ၉ နာရီတွင် Training on Enhancing Quality Assurance ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် တက်ရောက်၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

အဆိုပါသင်တန်းကို ASEAN University Network (AUN) က အာဆီယံဒေသအတွင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တက္ကသိုလ်များအချင်းချင်း စည်းလုံးညီညွတ်ပြီး တစ်သားတည်းရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းသို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်ပညာရေးကောလိပ်တို့မှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့ အင်းစိန်အကျဉ်းထောင်၌ လှည့်လည်ကြည့်ရှု

ရန်ကုန်   ဩဂုတ်   ၂၄

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်၌ အကျဉ်းသားနှင့် အချုပ်သား ခြောက်ဦးနှင့် အကျဉ်းသူတစ်ဦးတို့အား တွေ့ဆုံ၍ အင်းစိန်အကျဉ်းထောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ သွားရောက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များအား တွေ့ဆုံကြသည်။ (သတင်းစဉ်)

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်ရှိ အခြေခံပညာ အလယ်တန်းကျောင်းကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ဆေးပညာသတင်းဆန်းများ (၁၉)

ဒေါက်တာကံညွန့်

ဒီအပတ် ဆေးပညာသတင်းဆန်းများ တင်ပြရာမှာ အခကြေးငွေလည်း တစ်ပြားမှမကုန်၊ ဘာအရင်းအနှီးမှ စိုက်ထုတ်စရာလည်းမလို၊ အသင်းဝင်ကြေး၊ လေ့ကျင့်ခန်း၊ ခန်းမဝင်ကြေးပေးစရာမလို၊ အားကစားကိရိယာလည်း ဘာတစ်ခုမှ ဝယ်စရာမလိုဘဲ လူတိုင်းပြုလုပ်နိုင်တဲ့ ကျန်းမာရေးလေ့ကျင့်ခန်းအကြောင်း အမျိုးမျိုးသုတေသနပြုလုပ်ထားချက်တွေကို တင်ပြလိုပါတယ်။ ဒါကတော့ လမ်းလျှောက်ခြင်းပါပဲ။

ကျန်းမာရေးလိုက်စားသူ၊ အချိန်ပေးနိုင်သူတွေအတွက် နေ့စဉ် ခြေလှမ်းပေါင်း ၁၀၀၀၀ လျှောက်ခြင်းဟာ အကောင်းဆုံးစံနှုန်းပါပဲ။ ဒါပေမယ့် သာမန်လူတွေအတွက်တော့ တစ်နေ့မှာ ခြေလှမ်းပေါင်း ၃၀၀၀ တစ်ပတ်မှာ ငါးရက် လျှောက်နိုင်ရင် လုံလောက်ပြီလို့ ဆိုပါတယ်။

ဒါကတော့ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့က ဆေးပညာရှင်တစ်စုရဲ့ လေ့လာချက်ပါ။ ယင်းလိုလူတွေမှာ အမှတ် (၂) ဆီးချို အမျိုးအစားဟာလည်း အဖြစ်နည်းသွားပြီး သာမန်လူတွေထက် သုံးချိုးတစ်ချိုး နည်းသွားနိုင်တယ်လို့ ဆိုပါတယ်။

နောက်လေ့လာချက်တစ်ခုမှာတော့ အသက် (၅၉)နှစ်မှ အသက် (၇၀) အတွင်း လူများကို လေ့လာထားတဲ့ စာတမ်းတစ်စောင်မှာ ယင်းအရွယ်လူအများအနက် တချို့ကို ဗီတာမင် D နှင့် ကယ်လ်စီယမ်ဓာတ်ပါတဲ့ ပုံမှန်အစားအသောက်ကို ကျွေးပြီး လမ်းလျှောက်ခြင်း၊ အဓိကပါဝင်တဲ့ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းကို လုပ်စေပြီး ကျန်လူတချို့ကိုတော့ ကိုယ်လက်လေ့ကျင့်ခန်းမလုပ်ဘဲ ဗီတာမင် D နှင့် ကယ်လ်စီယမ်ဆေးပြားများကိုသာ ကျွေးပြီး ၎င်းတို့ အရိုးခိုင်မာမှုကို စစ်ဆေးစေခဲ့ပါတယ်။

အဲဒီလို စမ်းသပ်လိုက်တဲ့အခါ သာမန်အစားအစာနှင့် ပြုလုပ်တဲ့ လူတွေရဲ့ အရိုးဟာ ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ ဆေးပဲစားနေတဲ့လူတွေထက် ပိုမိုခိုင်မာနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် သက်ကြီးရွယ်အိုတွေရဲ့ အရိုးခိုင်မာမှုမှာ လမ်းလျှောက်ခြင်းအပါအဝင် ကိုယ်လက်လှုပ်ရှားမှုဟာ အဓိကကျကြောင်း တင်ပြလိုက်ရပါတယ်။

လမ်းလျှောက်ခြင်းဟာ လူတစ်ဦးရဲ့ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်စေတာကတော့

(၁) တစ်ကိုယ်လုံးအတွက် သွေးလည်ပတ်မှုကောင်းပြီး အထူးသဖြင့် နှလုံး၊ အဆုတ်တို့ရဲ့ သွေးလည်ပတ်မှု ကောင်းမွန်ခြင်း

(၂) လေဖြတ်ခြင်း၊နှလုံးရောဂါ ရုတ်တရက်ဖြစ်ခြင်းတို့မှ ကာကွယ်နိုင်ခြင်း

(၃) အဝလွန်ရောဂါမှ အတော်အသင့် ကာကွယ်နိုင်ပြီး သွေးပေါင်ချိန်မြင့်တက်မှုကိုလည်း အတော်အသင့် ကာကွယ်နိုင်ခြင်း

(၄) သွေးထဲရှိ အဆီဓာတ်(Cholestrol) ကျစေခြင်း

(၅) တစ်ကိုယ်လုံး၏ ကြွက်သားသန်မာမှုကို ဖြစ်စေခြင်း

(၆) စိတ်နှလုံးတင်းမာမှုကို လျှော့စေခြင်း (Stress)

(၇) အရိုးပွမှု၊ အရိုးအဆစ်ကိုက်ခဲမှုများကို ကာကွယ်နိုင်ခြင်း

(၈) အမှတ်(၂) ဆီးချိုရောဂါဖြစ်ခြင်းကို အတော်အသင့် ကာကွယ်နိုင်ပြီး ကုသမှုကို အထောက်အကူပြုခြင်း

တို့ဖြစ်ပါတယ်။ ဒါကြောင့် ဘာမှအကုန်အကျမရှိဘဲ အကျိုးသက်ရောက်မှုများတဲ့ လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းကို လူတိုင်းပြုလုပ်ကြဖို့ ထပ်မံတိုက်တွန်းလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်က အရေးမကြီးဘူးလို့ ထင်ရပေမယ့် အရေးကြီးတဲ့သတင်းပါ။ လူတွေမှာ အလုပ်မရှိခြင်းဟာ လူ့အသက်ကို တိုစေတယ်ဆိုတဲ့ လေ့လာချက်ပါ။ နှစ်ပေါင်း (၄၀)ကြာ နိုင်ငံ ၁၅ နိုင်ငံက စာရင်းဇယားတွေကို အခြေပြုပြီး ပေါ်ထွက်လာတဲ့ စာတမ်းပါ။ လူတွေအားလုံးရဲ့ အချိန်စောပြီး သေရတဲ့ လူအားလုံးရဲ့ ၆၃ ရာခိုင်နှုန်းဟာ အလုပ်မရှိလို့ဖြစ်ရပြီး ယောကျ်ား မိန်းမ ခွဲလိုက်တဲ့အခါမှာတော့ အမျိုးသားမှာ ၇၈ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးတွေမှာတော့ ၃၇ ရာခိုင်နှုန်းပဲရှိတယ်လို့ ဆိုပါတယ်။ ယောကျ်ားတွေဟာ မိန်းမတွေထက် အလုပ်မရှိတဲ့ဒဏ်ကို ပိုခံစားရတယ်လို့ ဆိုပါတယ်။ ဒီစာတမ်းကို ကနေဒါနိုင်ငံ Montreal မြို့က ဆေးသိပ္ပံပညာရှင်တွေက ပြုစုခဲ့တာဖြစ်ပြီး အမေရိကန်နိုင်ငံထုတ် Journal of Social Science and Medicine မှာ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဆေးပညာနဲ့ ပတ်သက်တဲ့ နောက်တွေ့ရှိချက်တစ်ခုကလည်း အံ့ဩစရာပါ။ ဦးနှောက်မှာ ဖြစ်တတ်တဲ့ ကင်ဆာရောဂါတွေကို ကုသတဲ့ တချို့ကုသမှုတွေဟာ ထင်သလောက် မထိရောက်ဖြစ်နေတာကို တွေ့ခဲ့ရတယ်။ ဒါရဲ့အဖြေကို ယခင်က မသိခဲ့ရပေမယ့် ယခုတွေ့ရှိရပြီလို့ ကြေညာလိုက်ပါတယ်။

ဦးနှောက်ရဲ့ အဖြစ်များတဲ့ ကင်ဆာတစ်မျိုးဖြစ်တဲ့ Glioblastoma ဆိုတဲ့ ကင်ဆာရောဂါကို ကုသရာမှာ ယင်းကင်ဆာ Cell တွေ ကိုယ်တိုင်သွေးကြောအသစ်တွေကို ဖန်တီးနိုင်စွမ်းရှိနေတာကြောင့် ပြင်ပကလာတဲ့ သွေးကြောတွေကို ပိတ်ဆို့ကုသတဲ့ ကင်ဆာဆေးတွေရဲ့ အာနိသင်ဟာ ယင်းကင်ဆာကို ကုသရာမှာ မထိရောက် ဖြစ်ရတယ်ဆိုတာ တွေ့ရပြီလို့ဆိုပါတယ်။ ဒါကြောင့် သူတို့ရဲ့ ကုသမှု Target ကို ဒီကင်ဆာ Cell တွေရဲ့ သွေးကြောတွေဆီ ပြောင်းလဲကုသရတော့မယ်လို့ ဒီလေ့လာချက်မှာ ဦးဆောင်ပါဝင်ခဲ့တဲ့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် La Jolla မြို့က Salk Institute of Biology ဌာနမှ ပါမောက္ခ Dr. Inder Verma က ပြောကြားခဲ့တယ်လို့ သိရကြောင်းပါခင်ဗျား။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Mini Stroke သို့မဟုတ် Transient Isclaemic Attack (TIA)လို့ အတိုကောက်ခေါ်တဲ့ ခေတ္တခဏလေဖြန်းခြင်းဟာ ထာဝရလေဖြန်းခြင်း (Stroke)ကို ဖြစ်စေမယ့် ရှေ့ပြေးနိမိတ်ပဲဆိုတာ လေ့လာထားချက်ကိုလည်း တင်ပြလိုပါတယ်။ TIA မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ လက္ခဏာများကတော့ ရုတ်တရက် မျက်စိအမှောင်ကျသွားခြင်း၊ ကိုယ်တစ်ခြမ်း ထုံကျဉ်အားပျော့သွားခြင်း၊ စကားပြောရခက်သွားခြင်းစတဲ့ လက္ခဏာတွေပါဝင်ပြီး ဒါဟာမိနစ်ပိုင်းအတွင်း သို့မဟုတ် ၂၄ နာရီအတွင်း သူ့အလိုလို ပျောက်ကင်းသွားတတ်ပါတယ်။

ဒါပေမယ့် ဒီလက္ခဏာတွေ ပြလာပြီး ရက် ၃၀ မှ ၆၀ အတွင်း လေဖြတ်ခြင်း Stroke ကြီးတစ်ခု ဖြစ်လာနိုင်တာကြောင့် ဒီလက္ခဏာမျိုးပေါ်လာတာနှင့် တစ်ပြိုင်နက် ဦးနှောက်နှင့် အာရုံကြောသမားတော်ကြီးဆီမှာ ပြသကြဖို့ နှိုးဆော်ထားပါတယ်။ ဒါကို ကနေဒါနိုင်ငံ Van Couver မြို့က ဆေးပညာရှင်တွေနဲ့ ဗြိတိန်နိုင်ငံ Columbia Brain Research Centre က ဆေးပညာရှင်တွေ ပူးပေါင်းတင်ပြခဲ့ကြတာဖြစ်ပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သွေးထဲမှာရှိတဲ့ Cholestrol Level နိမ့်ကျမှုဟာ ကိုယ်ခန္ဓာရဲ့ ခုခံစွမ်းအား (Inmune System)က Virus သို့မဟုတ် Bacteria တွေကို ခုခံတဲ့နေရာမှာ ပိုမိုထိရောက်နိုင်ကြောင်း လေ့လာထားချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အင်္ဂလန်နိုင်ငံ အီဒင်ဘာရာဆေးတက္ကသိုလ်မှ ပါမောက္ခပီတာဂါဇယ်နှင့်အဖွဲ့က တွေ့ရှိခဲ့တာဖြစ်ပါတယ်။

Virusနှင့် Bacteria တွေဟာ သူတို့ကြီးထွားမှုအတွက် Cholestrol ဓာတ်လိုအပ်ပြီး သွေးထဲမှာ ၎င်းဓာတ်နိမ့်ကျသွားတာနဲ့ ၎င်းတို့ရဲ့ ကြီးထွားမှုရပ်တန့်သွားနိုင်ကြောင်း တွေ့ရှိရပါတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ၎င်းရောဂါပိုးတို့ကြောင့် ဖြစ်ပေါ်တတ်တဲ့ ရောဂါများမှာ Antiviral နှင့် Antibiotic ဆေးတို့အပြင် Cholestrol မြင့်နိုင်တဲ့လူနာတွေကို Cholestrol ကျသွားစေတဲ့ဆေးနှင့်ပါ ပူးတွဲကုသပါက ပိုမိုထိရောက်နိုင်ကြောင်း တင်ပြထားကြပါတယ်။

ကမ္ဘာတစ်လွှား တစ်နှစ်ကို ကလေးပေါင်း ၄၈ သန်း မွေးဖွားနေရာမှာ ကလေးသုံးယောက်မှ တစ်ယောက်ဟာ ကျွမ်းကျင်သူကျန်းမာရေးဝန်ထမ်းတွေနှင့် မွေးဖွားခွင့်မရကြဘူး။ ဒါကြောင့် မိခင် ၁၀၀၀ လောက်နဲ့ မွေးစကလေး ၂၀၀၀ ခန့်ဟာလည်း နေ့စဉ်အသက်ဆုံးရှုံးနေရတယ်လို့ ဆိုပါတယ်။ တစ်ကမ္ဘာလုံးအနေနဲ့ အနည်းဆုံးသားဖွားဆရာမပေါင်း သုံးသိန်း ငါးသောင်းခန့် ထပ်မံခန့်ထားဖို့ လိုတယ်။ ဒါမှ ဒီပြဿနာကို ဖြေရှင်းနိုင်မယ်လို့ လန်ဒန်အခြေစိုက် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း Save the Children အဖွဲ့က ထောက်ပြထားပါတယ်။ ၎င်းအဖွဲ့ဟာ မြန်မာနိုင်ငံမှာရော နိုင်ငံတကာမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေကို အခမဲ့ဆောင်ရွက်ပေးနေတဲ့ အဖွဲ့တစ်ခုပါ။

သူတို့အတွေ့အကြုံအရ အများအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကျန်းမာရေးပညာချို့တဲ့မှု၊ ကျန်းမာရေးဝန်ထမ်းမလုံလောက်မှု၊ အောက်ဆီဂျင်ဓာတ်ငွေ့မရနိုင်မှု၊ ငှက်ဖျားရောဂါ ဒါတွေကြောင့် ကလေးတွေ သေဆုံးနေရတယ်လို့ ထောက်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

ဒီလို ကမ္ဘာတစ်လွှား ကလေးမွေးဖွားနှုန်းတွေ မြင့်တက်ပြီး ကလေးတွေ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရတဲ့အချိန်မှာ စင်ကာပူနိုင်ငံမှာတော့ ကလေးမွေးဖွားနှုန်း ကျဆင်းနေတာကြောင့် အတော်လေး စိတ်ပျက်နေရကြောင်း Institute of Policy Study ဌာနက ဖော်ပြလိုက်ပါတယ်။ ၎င်းတို့ဟာ မိမိနိုင်ငံမှာ မွေးဖွားသူတွေကို မိမိနိုင်ငံမှာ အလုပ်ခန့်ထားနိုင်ရေးအတွက် နှစ် ၃၀ကြာ ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ဘူးလို့ ဆိုပါတယ်။ ယခုလည်း အမျိုးသမီးတစ်ဦးရဲ့ တစ်နှစ်မွေးဖွားနှုန်းဟာ ၂၀၀၉ ခုနှစ်က ၁ ဒသမ ၂၂ ဦးရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ်မှာတော့ ၁ ဒသမ ၁၆ ဦးထိ ကျဆင်းသွားတယ်လို့ ဆိုပါတယ်။ အမှန်တကယ်လိုအပ်ချက်ကတော့ အနည်းဆုံး ၂ ဒသမ ၁ ဦး ရှိသင့်ကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

အင်းလေးကန် ရေရှည်တည်တံ့စေရေး ဘက်စုံထိန်းသိမ်းရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နိုင်ငံအတွက် အဖိုးထိုက်တန်လှသော သဘာဝအမွေအနှစ်တစ်ခုနှင့် အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည်လည်း လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်းရာ၌ အင်းလေးကန်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အင်းလေးကန်သည် ထူးခြားသည့် တိုင်းရင်းသားဓလေ့ထုံးစံများရှိခြင်း၊ ဖောင်တော်ဦးဘုရား အပါအဝင် တန်ခိုးကြီးဘုရားများ တည်ရှိခြင်း၊ မြန်မာနိုင်ငံ၏ အဓိကကျသည့် လောပိတ ရေအားလျှပ်စစ်စက်ရုံ၏ ရေအရင်းအမြစ်ဖြစ်ခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများ ကြွယ်ဝရာ နေရာဒေသတစ်ခုဖြစ်ခြင်း စသည့်အချက်များနှင့် ပြည့်စုံသော နေရာတစ်ခုဖြစ်ကြောင်း၊ အင်းလေးကန်သည် ဒေသခံများအတွက်သာမက နိုင်ငံအတွက်ပါ အဖိုးထိုက်တန်လှသော သဘာဝအမွေအနှစ်တစ်ခုနှင့် အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ကျင်းပသော သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေး အစီအစဉ် (UN-HABITAT) တို့ ပူးပေါင်းစီစဉ်သည့် အင်းလေးကန် ရေရှည်တည်တံ့စေရေး ဘက်စုံထိန်းသိမ်းရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အခြေအနေများကြောင့် အင်းလေးကန်သည်လည်း ထိခိုက်ပျက်စီးယိုယွင်းလာကြောင်း၊ သို့ဖြစ်၍ ပုံမှန်ဆောင်ရွက်နေသော ထိန်းသိမ်းရေးလုပ်ငန်းများဖြင့် မလုံလောက်တော့ဘဲ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီကိုဖွဲ့စည်း၍ ၂၀၁၀-၂၀၁၁ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ငါးနှစ် လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး လုပ်ငန်းစဉ်သည် ရေရှည်စီမံဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သောကြောင့် ရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် UN-HABITAT တို့ ပူးပေါင်းပြီး ယခု အလုပ်ရုံဆွေးနွေးပွဲတွင် အင်းလေးကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှုထောင့်မျိုးစုံမှသုံးသပ်ပြီး UN-HABITAT မှ ရန်ပုံငွေအထောက်အပံ့နှင့် နည်းပညာကျွမ်းကျင်မှု ရယူပူးပေါင်းကာ အဆိုပြုလွှာတစ်ခု ရေးဆွဲရန် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များသည် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်မှ Myanmar Programme Manager Mr. Srinivasa Popuri က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ အင်းလေးကန်ရေရှည်တည်တံ့စေရေး ဘက်စုံထိန်းသိမ်းရေးစီမံကိန်းနှင့်သက်ဆိုင်သော ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြကြပြီး သစ်တောဦးစီးဌာနနှင့် ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေး အစီအစဉ်တို့မှ တာဝန်ရှိသူများက အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးစီမံချက်အပေါ် သုံးသပ်ချက်စာတမ်းများ ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးစီမံချက် ၂၀၁၀-၂၀၁၁ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ပထမငါးနှစ်စီမံကိန်းအပေါ် ခေါင်းစဉ်ငါးခုဖြင့် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အလုပ်ရုံဆွေးနွေး

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အင်းလေးကန်ရေရှည်တည်တံ့စေရေး ဘက်စုံထိန်းသိမ်းရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ပုဂ္ဂလိကကဏ္ဍကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေး တရုတ်ပြည်သူ့အသင်း ဒုတိယဥက္ကဋ္ဌနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ H.E. Mr. Feng Zuoku ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ၁၂ ဦးတို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပုဂ္ဂလိကကဏ္ဍကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။ (သတင်းစဉ်)

◆ ပုသိမ်မြို့မှ

ဧရာဒီပါ ဆန်စပါးအထူးပြုကုမ္ပဏီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပုသိမ်မြို့ ဝဲဒေါင့်ဆိပ်ကမ်းမှတစ်ဆင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ဆန်မက်ထရစ်တန်ချိန် ၃၁၀၀ ကို တိုက်ရိုက်တင်ပို့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာနိုင်ငံ၏စပါးကျီ ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးများကို ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာစေပြီး တောင်သူများအတွက်လည်း ဈေးကောင်းရရှိနိုင်ကြောင်း သိရသည်။

ထို့အပြင် တိုက်ရိုက်ကြိတ်ခွဲတင်ပို့နိုင်၍ သိုလှောင်စရိတ်သက်သာစေပြီး အရည်အသွေး ပိုမိုကောင်းမွန်လာမည်ဖြစ်သဖြင့် အရည်အသွေးမြင့်မားသော ဆန်များကို ပြည်ပဈေးကွက်သို့ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပြည်ပနိုင်ငံများသို့ ပုံမှန်ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်လျက် ရှိသကဲ့သို့ "ဧရာဝန်" ဆန်စပါး အထူးပြုကုမ္ပဏီနှင့် ဟသ်ာတ ဆန်စပါးအထူးပြုကုမ္ပဏီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပေါင်းဆန်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါကလည်း ပေါင်းဆန်များကို ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့အတူ ပုသိမ်ဆိပ်ကမ်းသည် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလမ်းကြောင်းအတွင်း အချက်အချာကျသော ဆိပ်ကမ်းတစ်ခု ဖြစ်သည်နှင့်အညီ အနာဂတ်တွင် ဆန်စပါး၊ ပဲမျိုးစုံ စသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ဆားနှင့် ရေထွက်ပစ္စည်းများ အပါအဝင် ဒေသထွက်ကုန်ပစ္စည်းများကို အမြောက်အမြား တင်ပို့နိုင်ရေးအတွက် သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ဆန်တိုက်ရိုက်တင်ပို့သည့် ပုသိမ်မြို့ ဝဲဒေါင့်ဆိပ်ကမ်း၌ ဆန်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသမီး)
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ အတီးပြိုင်ပွဲ
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ပြည်သူ့ရေးရာ အထူးပြု) (ပြည်သူ့ရေးရာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၅:၃၀ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသမီး)
- ၅:၄၅ ၉။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၆၄)**
- ၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြုံကြုံဖန်ဖန်အမွေဆိုင်" (အပိုင်း-၂၁)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၈၈)**
- ၂၀။ အစီအစဉ်ပြီး၏။

ကလေးများ အသုံးပြု၍ အသေခံပုံးခွဲမှု သမ္မတကာဇိုင်း ရှုတ်ချ

ကဘူး ဩဂုတ် ၂၄

အာဖဂန်နစ္စတန်နိုင်ငံ၌ ကလေးငယ်များအား စုဆောင်း၍ အသေခံဗုံးခွဲ တိုက်ခိုက်မှုများ ပြုလုပ်နေမှုကို သမ္မတဟာမစ်ကာဇိုင်းက ဩဂုတ် ၂၄ ရက်တွင် ရှုတ်ချလိုက်သည်။

စစ်သွေးကြွများက ကလေးများအား အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် စုဆောင်းနေခြင်းသည် ကလေးများအပေါ် ဖိနှိပ်မှုပင်ဖြစ်ပြီး ကျင့်ဝတ်များကို ချိုးဖောက်ခြင်းလည်းဖြစ်ကြောင်း သမ္မတကာဇိုင်းက ပြောကြားသည်။

အသေခံ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ အရပ်သူ၊ အရပ်သား များလည်း သေဆုံးကြရသည်။

အာဖဂန် အာဏာပိုင်များထံ လက်နက်ချ အလင်းဝင်ရောက်လာသူ လူငယ်များနှင့် အသေခံဗုံးဖောက်ခွဲရန် စီစဉ်နေချိန်အတွင်း ဖမ်းဆီးရမိသော လူငယ်များဖြစ်သည့် လူငယ်၂၀ ခန့်နှင့် သမ္မတကာဇိုင်း တွေ့ဆုံခဲ့သည်။

အင်တာနက်။

ထိုင်းနိုင်ငံ၌ လူကုန်ကူးမှုပြဿနာ ပိုမိုကြီးထွားလျက်ရှိ ရွှေ့ပြောင်းလုပ်သားများ လူကုန်ကူးမှုများ၏ သားကောင်ဖြစ်လာ

ဗန်ကောက် ဩဂုတ် ၂၄

ထိုင်းနိုင်ငံ၌ လူကုန်ကူးမှုပြဿနာသည် တဖြည်းဖြည်း ကြီးထွားလာလျက်ရှိရာ ယင်းပြဿနာ၏ အဓိကအကြောင်းရင်းခံဖြစ်သော အဂတိလိုက်စားမှုများအား တိုက်ဖျက်ရန် ကုလသမဂ္ဂကျွမ်းကျင်သူတစ်ဦးက တိုက်တွန်းခဲ့ကြောင်း ဩဂုတ် ၂၃ ရက် သတင်းများတွင် ဖော်ပြသည်။

ကလေးသူငယ်များအား လူမှောင်ခိုကူးမှုများသည် ထိုင်းနိုင်ငံတွင်း၌ ထူပြောများပြားလျက်ရှိပြီး ပြည်ပရွှေ့ပြောင်း အလုပ်သမားများ၊ နိုင်ငံမဲ့များနှင့် ဒုက္ခသည်ကလေးသူငယ်များမှာ လူမှောင်ခိုကူးမှုများ၏ သားကောင်များဖြစ်နေကြရကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ကျွမ်းကျင်သူ ဂျိုင်းအက်ဇိုင်လိုက ပြောကြားခဲ့သည်။

လုပ်အားခချိုသာ၍ ခေါင်းပုံဖြတ်ရလွယ်သော ရွှေ့ပြောင်းအလုပ်သမားများ လိုအပ်မှုသည် ထိုင်းနိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသည့် လူမှောင်ခိုကူးမှုပြဿနာ၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း အက်ဇိုင်လိုက သုံးသပ်ခဲ့သည်။လုပ်ငန်းခွင်အတွင်း အဓမ္မသွတ်သွင်း၍ လုပ်အားခေါင်းပုံဖြတ်မှုများမှ ရွှေ့ပြောင်းအလုပ်သမားများကို အကာအကွယ်ပေးသွားရန် ထိုင်းနိုင်ငံအနေဖြင့် လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ၂၀၀၈ ခုနှစ်က နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ ရေးဆွဲထားသော လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း အောက်ခြေအဆင့် တရားဥပဒေစိုးမိုးရေးအမှုထမ်းများ၏ အဂတိလိုက်စားမှုကြောင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ရာ၌ အားနည်းမှုများရှိနေဆဲဖြစ်ကြောင်း အက်ဇိုင်လိုက ပြောကြားခဲ့သည်။

လူမှောင်ခိုကူးခံရသော ပြည်ပရွှေ့ပြောင်း အလုပ်သမားအများအပြားသည် ဖိမ်ခန်းများ၊ စက်ရုံများနှင့် ငါးဖမ်းရေယာဉ်များ၌ ကျေးကျွန်များအဖြစ်အဆုံးသတ်ကြရကြောင်း အက်ဇိုင်လို၏ အစီရင်ခံစာ၌ ဖော်ပြသည်။ လူမှောင်ခိုကူးသူများအား အခကြေးငွေပေး၍ ထိုင်းနိုင်ငံအတွင်း ဝင်ရောက်လာသော ပြည်ပရွှေ့ပြောင်းအလုပ်သမားများ သည် လူမှောင်ခိုကူးခံရမှု၏ ဆိုးကျိုးများအား သိနားလည်မှုမရှိကြောင်း ထိုင်းနိုင်ငံထုတ် သတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ဆိုင်းနိုင်းကျွန်းဆွယ်လုံခြုံရေး အီဂျစ်နှင့်အစ္စရေး အာရုံစိုက်လာ

ဂျေရုဆလင် ဩဂုတ် ၂၄

ဆိုင်းနိုင်းကျွန်းဆွယ်၌ လုံခြုံရေးအခြေအနေ တိုးတက်လာစေရန် အစ္စရေးနိုင်ငံသာမက အီဂျစ်နိုင်ငံကပါ အာရုံစိုက်လာနေကြောင်း အစ္စရေးကာကွယ်ရေး ဝန်ကြီးက ဩဂုတ် ၂၄ရက်တွင် ပြောကြားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ပါလက်စတိုင်း စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကြောင့် အစ္စရေး ရှစ်ဦး သေဆုံးခဲ့ရပြီးနောက် ဆိုင်းနိုင်းကျွန်းဆွယ်၌ လုံခြုံရေးကောင်းမွန်စေရန် အီဂျစ်နှင့် အစ္စရေးနိုင်ငံတို့ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သတင်းတွင်ပါရှိသည်။

အစ္စရေးနိုင်ငံသားများကို ၁၅ ဦးမှ ၂၀ ခန့်ပါဝင်သော စစ်သွေးကြွအုပ်စု တစ်စုက တိုက်ခိုက်ခဲ့သည်။ ၎င်းစစ်သွေးကြွများသည် ဂါဇာဒေသရှိ ဥမင်လိုဏ်ခေါင်းလမ်းမှ စိမ့်ဝင်ထိုးဖောက်လာခဲ့ပြီး ဆိုင်းနိုင်းဒေသ၌ တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံရှိ နိုင်ငံရေးသမားများကမူ ဂါဇာဒေသကို စစ်ရေးအရ တိုက်ခိုက်ရန် လိုလားခြင်းမရှိကြပေ။ အခြေအနေကို စိတ်ရှည်စွာ စောင့်ကြည့်ရန် လိုအပ်ကြောင်းနှင့် လုံခြုံရေးအခြေအနေကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ရန် လိုအပ်ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရတ်က ပြောကြားသည်။

စစ်သွေးကြွတို့၏ တိုက်ခိုက်မှုများသည် အစ္စရေးနှင့် အီဂျစ်တို့ ဆက်ဆံရေး ထိခိုက်စေရန် လုပ်ဆောင်ချက်သာဖြစ်ကြောင်း၊ စစ်သွေးကြွအများစုမှာ သေဆုံးသွားပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***ဆင်ဟွာ။***

နယ်စပ်ဒေသ၌ လုံခြုံရေးစောင့်ကြပ်နေသော အစ္စရေးတပ်ဖွဲ့ကို တွေ့ရစဉ်။

တရုတ်အနောက်တောင်ပိုင်းတွင် အပူလှိုင်းကျရောက် လျှပ်စစ်ဓာတ်အား မလုံလောက်မှုပြဿနာဖြစ်ပေါ်

ကွေယန်း ဩဂုတ် ၂၄

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ အပူလှိုင်းကျရောက်သည့်ကာလတစ်ခုကို ဖြတ်သန်းလျက်ရှိရာ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်တက်နေပြီး ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု ကျဆင်းနေကြောင်း၊ ဒေသတွင်း၌ လျှပ်စစ်ဓာတ်အားထောက်ပံ့ရေးဆိုင်ရာပြဿနာမှာ ဆိုးရွားလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၂၄ ရက်တွင် ဖော်ပြသည်။

ကွေကျိုးပြည်နယ်ရှိ လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးနိုင်မှုမှာ ကီလိုဝပ်နာရီသန်း ၁၂၀ ခန့်သာလျှင်ရှိပြီး နေ့စဉ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြောင်း ပြည်နယ် လျှပ်စစ်ဓာတ်အားကုမ္ပဏီက ပြောကြားသည်။ ကာလရှည်ကျောက်မီးသွေးရရှိနိုင်မှု ကျဆင်းနေပြီး ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု လျော့နည်းနေသဖြင့် လိုအပ်သော လျှပ်စစ်ဓာတ်အားပြည့်မီခြင်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကွေကျိုးပြည်နယ်ရှိ အဓိကရေအားလျှပ်စစ်ထုတ်လုပ်ရေး စက်ရုံများတည်ရှိရာ ဒေသများ၌ မိုးခေါင်မှုကြောင့် ရေလှောင်တမံများ၌ ရေခန်းခြောက်လာနေသည်။ ပြည်နယ်၏ ရေအား လျှပ်စစ်ဓာတ်အား နေ့စဉ်ထုတ်လုပ်နိုင်မှုမှာ လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၂၈ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ကွေကျိုးပြည်နယ်မှ စီးပွားရေးနှင့် ပြန်ကြားရေးကော်မတီ၏ တာဝန်ရှိသူ ကျန့်စွင်းယီက ပြောကြားသည်။

ရေအားလျှပ်စစ်ဓာတ်အား အရန်ထုတ်လုပ်နိုင်မှုမှာ ကီလိုဝပ်နာရီသန်း ၅၃၀ မျှသာရှိကြောင်း၊ လွန်ခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ဆယ်ပုံတစ်ပုံခန့်သာရှိကြောင်း ၎င်းက ပြောကြားသည်။

လျှပ်စစ်ဓာတ်အားပြဿနာသည် အိမ်နီးချင်း ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌လည်း ဖြစ်ပေါ်နေပြီး ကုမ္ပဏီများနှင့် စက်ရုံ ၁၀၀၀ ခန့်မှာ လုပ်ငန်းများ ရပ်ဆိုင်းထားလိုက်ရကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ကွမ်စီးဒေသ၏ ဟောင်းရွှေမြစ်ပေါ်၌ တည်ဆောက်ထားသော ရေအားလျှပ်စစ်ဓာတ်အားစက်ရုံသုံးရုံ၏ ထုတ်လုပ်မှုမှာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၅၀ရာခိုင်နှုန်း ကျဆင်းသွားသည်။ ***ဆင်ဟွာ။***

ကမ္ဘာဂြိုဟ်ပေါ်ရှိ အပင်နှင့် သက်ရှိမျိုးစိတ်သန်းပေါင်းများစွာကို ရှာဖွေအမည်ပေးနိုင်ခြင်းမရှိသေး

စင်ကာပူ ဩဂုတ် ၂၄

ကမ္ဘာဂြိုဟ်ပေါ်၌ တည်ရှိနေကြောင်းခန့်မှန်းရသည့် အပင်နှင့် သက်ရှိမျိုးစိတ် ၈ ဒသမ ၈ သန်းနီးပါး၏ ၉၀ ရာခိုင်နှုန်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိသေးခြင်းမရှိသကဲ့သို့ အမည်ပေးခွဲခြားမှုများလည်း လုပ်ဆောင်နိုင်သေးခြင်းမရှိကြောင်း လေ့လာချက်တစ်ရပ်အား ကိုးကား၍ ဩဂုတ် ၂၄ ရက် သတင်းများတွင် ဖော်ပြသည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များသည် အပင်နှင့် သက်ရှိမျိုးစိတ် ၁ ဒသမ ၂ သန်းကျော်ကိုသာ ရှာဖွေတွေ့ရှိခဲ့ပြီး အမည်ပေးနိုင်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင်ထုတ်ပြန်ခဲ့သော လေ့လာချက်အရသိရသည်။ ကမ္ဘာမြေပေါ်၌ အပင်နှင့် သက်ရှိမျိုးစိတ်များ မည်မျှရှိမည်ကို ဆုံးဖြတ်သတ်မှတ်နိုင်ရန် နိုင်ငံတကာသိပ္ပံပညာရှင်များက ကာလကြာမြင့်စွာ ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် ခန့်မှန်းတွက်ဆမှုများမှာ သုံးသန်းမှသည် သန်း ၁၀၀ အထိ အမျိုးမျိုးကွဲလွဲလျက်ရှိသည်။

ကမ္ဘာ့သမုဒ္ဒရာရေပြင်များ၌ ရှင်သန်ကျက်စားနေသော်လည်း အမည်နာမ သတ်မှတ်နိုင်ခြင်း မရှိသေးသော ရေသတ္တဝါတစ်ကောင်ကို တွေ့ရစဉ်။

မကြာသေးမီကာလအတွင်းက သက်ရှိသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်နှုန်းမြင့်တက်လာခဲ့ခြင်းကြောင့် ကမ္ဘာပေါ်ရှိ အပင်နှင့် သက်ရှိမျိုးစိတ်အရေအတွက် မှန်းဆကောက်ယူမှုကို သိပ္ပံပညာရှင်များက အဆောတလျင် လုပ်ဆောင်လာခဲ့ကြရသည်။

သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ ကမ္ဘာ့ကုန်းမြေများပေါ်၌ အပင်နှင့် သက်ရှိမျိုးစိတ် ၆ ဒသမ ၅ သန်းရှိပြီး သမုဒ္ဒရာရေပြင်များ၌ ၂ ဒသမ ၂ သန်းတည်ရှိနေကြောင်း သိရသည်။

ကုန်းမြေများပေါ်၌ တည်ရှိနေဆဲ အပင်နှင့် သက်ရှိမျိုးစိတ် ၈၆ ရာခိုင်နှုန်းနှင့် သမုဒ္ဒရာများအတွင်း တည်ရှိဆဲ အပင်နှင့် သက်ရှိမျိုးစိတ် ၉၁ ရာခိုင်နှုန်းကို ရှာဖွေအမည်ပေးနိုင်ခြင်း မရှိသေးကြောင်း သိပ္ပံပညာရှင်တို့က ပြောကြားသည်။

ကမ္ဘာပေါ်၌ အပင်နှင့် သက်ရှိမျိုးစိတ်များ ကြွယ်ဝများပြားမှုကြောင့် လူသားတို့အနေဖြင့် စားနပ်ရိက္ခာမှသည် ဆေးဝါးပစ္စည်းများအထိ အကျိုးအမြတ်ထွက်လျက်ရှိရာ အပင်နှင့် သက်ရှိမျိုးစိတ်အရေအတွက် ကောက်ယူမှုသည် သိပ္ပံပညာဆိုင်ရာ အရေးထမှုမျိုးမဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

အကြမ်းဖက်မှုများကြောင့် ကရာချိမြို့လုံခြုံရေးအား ပါကစ္စတန်စစ်ဘက်က လွှဲပြောင်းတာဝန်ယူပေးရန် ပြည်သူများ တောင်းဆို

ကရာချိ ဩဂုတ် ၂၄

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တော်၌ ရက်သတ္တ တစ်ပတ်တာကာလအတွင်း ဖြစ်ပွားခဲ့ရသော အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့ရသူ ၁၀၀ ကျော်ခဲ့ပြီဖြစ်ရာ မြို့တော်၏လုံခြုံရေးအား စစ်ဘက်က လွှဲပြောင်းတာဝန်ယူရန် မြို့တော်နေပြည်သူများ၊ နိုင်ငံရေးသမားများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဩဂုတ် ၂၃ ရက်တွင် တောင်းဆိုခဲ့ကြသည်။

ကရာချိမြို့တော်၌နေထိုင်ကြသော အပြစ်မဲ့ပြည်သူများ၏ ဘဝလုံခြုံမှုအား အာမခံချက်ပေးနိုင်ရေးနှင့် တရားဥပဒေစိုးမိုးမှု တည်ဆောက်ရေးအတွက် မြို့တော်၏လုံခြုံရေးကို စစ်ဘက်က တာဝန်ယူပေးရန် မိမိတို့ တောင်းဆိုခဲ့ကြောင်း ပါကစ္စတန် စီးပွားရေးနှင့် စက်မှုလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ခါလစ်ဒ် တာဝပ်ဒ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ အတောမသတ် ဖြစ်ပေါ်နေခြင်းကြောင့် ကရာချိမြို့တော်သူ၊ မြို့တော်သားများသည် မိမိတို့၏ အသက်ဘေးကိုငဲ့၍ ဈေးရောင်း ဈေးဝယ်ထွက်ရန်ပင် အခက်အခဲဖြစ်လျက်ရှိရာ မြို့တော်၏ စီးပွားရေးလုပ်ငန်းများ ပျက်ပြားခဲ့ရကြောင်း သိရသည်။

ကရာချိမြို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရန် ရဲတပ်ဖွဲ့အနေဖြင့် စွမ်းဆောင်နိုင်ခြင်း မရှိသောကြောင့် မြို့တော်အတွင်းပါကစ္စတန် လက်နက်ကိုင်တပ်ဖွဲ့များအား ဖြန့်ကြက်ထားသင့်ကြောင်း ခါလစ်ဒ် တာဝပ်ဒ်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကရာချိမြို့တော်၌ လူမျိုးရေးနှင့် ဂိုဏ်းဂဏ ကွဲပြားမှုများကို အခြေခံသော အကြမ်းဖက်မှုများကြောင့် လူပေါင်း ၁၀၁ဦး သေဆုံးခဲ့ရာ ၁၆ နှစ်တာကာလအတွင်း အသေအပျောက် အများဆုံးအချိန် ဖြစ်ခဲ့ရသည်။ ***အင်တာနက်။***

ကရာချိ မြို့တော်သူ၊ မြို့တော်သားများသည် မိမိတို့၏ အသက်ဘေးကိုငဲ့၍ ဈေးရောင်းဈေးဝယ်ထွက်ရန်ပင် အခက်အခဲ ဖြစ်လျက်ရှိ။

ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲ ကျောက်ကြီးမြို့၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂၃)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်အား ဆီမီးကပ်လှူမီးမျှောပူဇော်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကုသိုလ်ယူနိုင်

ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင်များအနေဖြင့် သီးခြားကုသိုလ်ယူကာ အလှူငွေများ ထည့်ဝင်လိုလျှင်ဖြစ်စေ၊ ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေများ ကုသိုလ်ဝင်လိုလျှင်ဖြစ်စေ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ကျော်စွာ ဖုန်း-၀၅၄-၄၉၀၉၄၊ ပွဲတော်ရန်ပုံငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ မြို့နယ် စိုက်/ဘဏ်မန်နေဂျာ ဦးရီစိုး ဖုန်း-၀၅၄-၄၉၀၈၈၊ ပွဲတော်ကျင်းပရေးကော်မတီနာယက ဦးမောင်မောင်ကြည် ဖုန်း-၀၅၄-၄၉၁၄၅၊ ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) (ရန်ကုန်) ဖုန်း-၀၁-၅၈၀၀၂၀၊ ဦးညွန့်ရွှေ(ရန်ကုန်) ဖုန်း-၀၁-၅၀၅၉၈၀၊ ဦးကျော်ဝင်း (ရန်ကုန်) ဖုန်း-၀၁-၅၅၉၄၇၄ နှင့် ဦးသိန်းနိုင်(ရန်ကုန်) ဖုန်း-၀၁-၅၅၈၄၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သက်တမ်း နှစ်ပေါင်း ၁၆၀ ရှိ ဦးပိန်တံတားပေါ်တွင် ခရီးသွားများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(ဘဦး)

မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်များ ပြုပြင်ထိန်းသိမ်းလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

၁၈၆၄ ခုနှစ်တွင် မန္တလေးတောင်ခြေ၌ မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သော သုဓမ္မာဇရပ် ၃၃ ဆောင်အနက် ကျန်ရှိသော ဇရပ် ၁၉ ဆောင်ကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ယခုနှစ်တွင် နိုင်ငံတော်ဘဏ္ဍာမှ ရရှိရန်ပုံငွေဖြင့် ဇရပ်ဆောင်ခြောက်ဆောင်၊ ပြည်သူလူထုလှူဒါန်းငွေဖြင့် ဇရပ်ဆောင် ၁၃ ဆောင်တို့ကို ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

ဌာနရန်ပုံငွေဖြင့် ဇရပ်ဆောင်အမှတ် (၅)၊ (၁၀)၊ (၁၁) တို့အား ပြုပြင်ထိန်းသိမ်းလျက်ရှိရာ ဆောင်ရွက်ရန် လျာထားလုပ်ငန်း၏ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ပြည်သူလူထုလှူဒါန်းငွေဖြင့် ဇရပ်ဆောင် (၇)၊ (၈)၊ (၁၇) တို့ကိုလည်း အလားတူ ပြုပြင်လျက်ရှိရာ ဆောင်ရွက်ရမည့်လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ဆက်လက်၍ ပြည်သူလူထုလှူဒါန်းငွေဖြင့် ပြုပြင်ရန်ကျန်ရှိသည့် ဇရပ်များအနက် ဇရပ်ဆောင်အမှတ် (၉)၊ (၁၅)၊ (၁၉) တို့၏ တိမ်းစောင်းနေသောတိုင်များ ပြန်တည့်မတ်ခြင်း၊ ဆွေးမြည့်နေသော တိုင်အောက်ခြေများ ဖြတ်ခြင်း၊ တိုင်အောက်ခံ ကွန်ကရစ်အုတ်ဖိနပ်များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုလှူဒါန်းငွေဖြင့် ပြုပြင်ထိန်းသိမ်းလျက်ရှိသော ဇရပ်များ အမြန်ပြီးစီးရန် အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

ထို့အပြင် သုဓမ္မာဇရပ်များ၌ ၁၉၀၇ ခုနှစ်တွင် ရသေ့ကြီးဦးခန္တီ လှူဒါန်းချိတ်ဆွဲထားသည့် နိပါတ်တော် ရှေးဟောင်းသွပ်ပန်းချီကားများကိုလည်း ပျက်စီးမှုမဖြစ်စေရေးအတွက် ခွင့်ပြုရန်ပုံငွေဖြင့် ပန်းချီကား ပြုပြင်ထိန်းသိမ်းမှု ကျွမ်းကျင်ပညာရှင်များက ကြီးကြပ်၍ ခေတ်မီဓာတုဗေဒနည်းဖြင့် သန့်စင်ခြင်း၊ ကြေးချွတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ကြံ့ခိုင်အောင် ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

(သတင်းစဉ်)

ငါးဆူတောင် ခရီးကြမ်း တောင်တက်လေ့ကျင့်မည်

ရန်ကန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းတွင်ရှိသော ငါးဆူတောင်မိုးရာသီခရီးကြမ်း တောင်တက်လေ့ကျင့်မှုခရီးစဉ်ကို ယခုလကုန်ပိုင်းတွင် စီစဉ်ထားကြောင်းတက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်ကပြောသည်။

နှစ်စဉ်ဩဂုတ်လ

အဆိုပါ ခရီးစဉ်လေ့ကျင့်မှုကို နှစ်စဉ်ဩဂုတ်လအတွင်း စီစဉ်ထားရာ ယခု ၂၀၁၁ ခုနှစ်တွင်လည်း စီစဉ်ထားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ "ဩဂုတ် ၂၇ ရက်နဲ့ ၂၈ ရက်တွေမှာ သွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ တောင်တက်အသင်းဝင်အသစ်တွေအတွက် တောင်တက်အတွေ့အကြုံရအောင် စီစဉ်ပေးတာဖြစ်လို့ အသင်းဝင်အသစ်တွေ အများဆုံးပါနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု အသင်းဥက္ကဋ္ဌက အသိပေး ပြောပြခဲ့သည်။

ဆေးဝါးအဖွဲ့များ

တောင်တက်ခရီးစဉ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ အသင်းဝင်များ၊ ဆေးဝါးကုသပေးမည့် အဖွဲ့များလည်း ပါဝင်မည်ဖြစ်ပြီး တောင်တက်ခရီးကြမ်းထွက်ခွာသည့်အခါတိုင်းတွင် လမ်းခရီးတစ်လျှောက်တွင်ရှိသော လူသူအရောက်အပေါက်နည်းသည့် ကျေးရွာများ၌ လှူဒါန်းမှုများပြုလုပ်ခြင်း၊ တောင်တက်အဖွဲ့တွင် ပါဝင်သော ဆေးဝါးအဖွဲ့များက ဒေသခံများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုစီစဉ်ထားသည့် ငါးဆူတောင်ခရီးကြမ်းကို ယင်းအသင်းက ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်အထိ နှစ်စဉ် စီစဉ်လေ့ကျင့်ခဲ့ကြခြင်းဖြစ်သကဲ့သို့ လွန်ခဲ့သော ဇူလိုင်လအတွင်းက မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်းရှိသည့် ကေလာသတောင်တန်းသို့ မိုးရာသီလေ့ကျင့်ရေးခရီးကြမ်းအဖြစ် သွားရောက်ခဲ့ကြောင်း သိရသည်။

(၆၈၀)

တောင်သမန်အင်းရေတိုးချိန် ဦးပိန်တံတား၌ ပြည်သူများ စည်ကား

မန္တလေး ဩဂုတ် ၂၄

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ပြီး သက်တမ်းနှစ်ပေါင်း ၁၆၀ ကျော်ပြီဖြစ်သည့် ဦးပိန်တံတားတွင် ဩဂုတ် ၂၄ ရက်က ပြည်တွင်းပြည်ပ ခရီးသွားများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ ဦးပိန်တံတားကြီးသည် တောင်သမန်အင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ယခုအခါ မိုးရာသီရေတိုးချိန် ရေပြင်ကျယ်ကြီးဖြင့် လှပနေသည်။ ရတနာ့ဂူ ပွဲတော်ကာလဖြစ်သည့်အားလျော်စွာ တစ်နိုင်ငံလုံးမှ ခရီးသွားများ လာရောက်အပန်းဖြေကြသည်ကို တွေ့ရသည်။**(ဝဲပုံ)**

ဦးပိန်တံတားကို ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက် ၁၂၁၁ ခုနှစ်က တည်ဆောက်ပြီး ၁၂၁၃ ခုနှစ်တွင် ပြီးစီးခဲ့သည်။ တံတားအရှည် တစ်မိုင်နီးပါးခန့် ရှည်လျားသည်။ ရေလယ်ဇရပ် လေးဆောင်အပါအဝင် ကျွန်းသစ်တိုင်လုံးပေါင်း ၁၀၈၆ တိုင်ရှိသည်။ ယခုအခါ ရာသီဥတုဒဏ်ကြောင့် အချို့ကျွန်းတိုင်များ ပျက်စီးသွားပြီး ကွန်ကရစ်တိုင်များဖြင့် အစားထိုးထားသည်ကို တွေ့ရသည်။ ကမ္ဘာပေါ်ရှိ သစ်သားတံတားများတွင် အရှည်ဆုံးစာရင်းဝင် ဦးပိန်တံတားကြီး အရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းကြရဦးမည် ဖြစ်သည်။

(ဘဦး)

မန္တလေးဘဏ်ခွဲများ၌ ငွေစက္ကူအကြွေများ လဲလှယ်ပေးနေ

မန္တလေး ဩဂုတ် ၂၄

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲအနေဖြင့် အများပြည်သူလက်ဝယ်ရှိ ဟောင်းနွမ်း၊ စုတ်ပြဲ ငွေစက္ကူများ လျော့နည်းပပျောက်စေရေးနှင့် ငွေစက္ကူအကြွေ အဆင်ပြေစေရန်အတွက် မန္တလေးမြို့ပေါ်ရှိ ဌာနဆိုင်ရာ ၃၁၉ ဌာနရှိ ဝန်ထမ်း ၄၆၈၁၂ ဦးအား ငွေစက္ကူ အမျိုးအစား ၂၀၀ ကျပ်၊ ၁၀၀ ကျပ်၊ ၅၀ ကျပ်တန်များကို တစ်ဦးလျှင် အရွက် ၂၀ နှုန်းစီဖြင့် ယခုနှစ် မတ်လမှစ၍ လစဉ်ထည့်သွင်း ထုတ်ပေးလျက်ရှိရာ ဇွန်လတွင် ဝန်ထမ်းတစ်ဦးလျှင် ၂၀၀ ကျပ်တန် တစ်အုပ်နှုန်းစီ ထုတ်ပေးခဲ့ပြီး ယခုဩဂုတ်လတွင် ၂၀၀ ကျပ်တန်နှင့် ၁၀၀ ကျပ်တန် တစ်အုပ်နှုန်းစီ တိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)၊ (၂) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ ငွေစက္ကူလဲလှယ်ရေးကောင်တာတို့၌ ဘဏ်လုပ်ငန်းချိန်အတွင်းတွင် လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃)၌ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် လည်းကောင်း ဟောင်းနွမ်း၊ စုတ်ပြဲ ငွေစက္ကူများအား တန်ဖိုးတူ လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

အောင်သူရ (မန္တလေး)ကိုယ်ပွား

လမ်းဘေးစျေးသည်များ၏ ကျန်းမာရေးနှင့် အစားအသောက်များ စစ်ဆေးမည်

ရန်ကုန် ဩဂုတ် ၂၄

အစားအသောက် ရောင်းချသော လမ်းဘေးစျေးသည်များ၏ တစ်ကိုယ်ရေကျန်းမာရေးနှင့် ရောင်းချသည့် အစားအစာများ၏ လတ်ဆတ်မှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ စသည်တို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စစ်ဆေးသွားမည်ဖြစ်သည်။ လမ်းဘေးစျေးသည်များအနေဖြင့် အမှိုက်ပုံးထားရှိပေးရမည်ဖြစ်ပြီး ခေါင်းရွက်ဗျပ်ထိုး စျေးသည်ဖြစ်ပါက အမှိုက်အိတ် ရှိရမည်ဟု စည်းကမ်း သတ်မှတ်ပေးထားကြောင်း သိရှိရသည်။

(ညွန့်သန်း-သတင်းစဉ်)

မြန်မာနိုင်ငံအတွင်း ချေးငွေလိုအပ်နေသူများအတွက် ယူအင်ဒီပီ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့က အကူအညီပေးမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံအတွင်းတွင် ချေးငွေရယူလိုသူများ၏ ၁၀ ရာခိုင်နှုန်းခန့်ကသာ ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်မိကြောင်း၊ ယူအင်ဒီပီ အသေးစားငွေကြေးဝန်ဆောင်မှုစီမံကိန်းသည် အမြတ်အစွန်းကို အဓိကမထားသော ပက် Pact အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့မှတစ်ဆင့် လက်ရှိ ပြည်တွင်းချေးငွေအဖွဲ့ဝင်များ၏ ၈၀ ရာခိုင်နှုန်း အကူအညီပေးလျက်ရှိကြောင်း ဩဂုတ် ၁၆ ရက်က ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့၏ အတွေ့အကြုံကောင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ ကြားသိရသည်။

ယူအင်ဒီပီ၏ ဌာနေကိုယ်စားလှယ် မစ္စတာ အက္ကဘာ အူစမာနီက အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ ချေးငွေအကူအညီ လိုအပ်နေသော များပြားသည့် နွမ်းပါးသူမိသားစုများကို ချေးငွေအကူအညီတိုးမြှင့်ပေးသွားရန် အကူအညီကောင်းစွာပေးနိုင်သည့် သင့်တော်သော အနေအထားတွင်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်အစိုးရ၏ အစပျိုးအကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး ရည်မှန်းချက်များတွင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းကို အဓိကအချက်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းကိုလည်း ကြိုဆိုကြောင်း ပြောကြားသည်။

လက်ရှိအခြေအနေတွင် မြန်မာ့စီးပွားရေး၏ ကျေးလက်ကဏ္ဍချေးငွေလိုအပ်ချက်မှာ ဒေါ်လာသန်းပေါင်း ၄၇၀ ခန့်ရှိကြောင်း အဆိုပါအစည်းအဝေးမှ သိရှိရသည်။ ကျေးလက်နေနွမ်းပါးသူများမှာ ယခင်က ဆွေမျိုးများ၊ မိတ်ဆွေများနှင့် ငွေချေးစားသူများ(အပေါင်ဆိုင် အပါအဝင်)တို့ထံမှ အသေးစားချေးငွေရယူကြရသော်လည်း ယခုအခါ အဖွဲ့အစည်းများ၊ သမဝါယမအသင်း အသေးစားချေးငွေလုပ်ငန်းတို့က အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

ထို့အပြင် ယူအင်ဒီပီ၏ အသေးစားချေးငွေနှင့် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့များက ဆင်းရဲသူများအတွက် ရေရှည်တည်တံ့သော အကျိုးဖြစ်စေခြင်းငှာ ဝန်ဆောင်မှုများကို ပေးခဲ့သည်ဟု ဆိုသည်။ အသေးစားငွေကြေးဝန်ဆောင်မှုကို စီးပွားရေးတိုးချဲ့လုပ်ကိုင်စေရန် ဆင်းရဲသူ မိသားစုပေါင်း လေးသိန်းကျော်အား အကူအညီပေးခဲ့သည်ဟု သိရသည်။ ယူအင်ဒီပီ၏ အသေးစားငွေကြေးဝန်ဆောင်မှုစီမံကိန်းမှာ ၁၉၉၇ ခုနှစ် ဇူလိုင်လမှ ၂၀၁၀ ခုနှစ် စက်တင်ဘာလကုန်အထိ ကာလအတွင်း မြန်မာနိုင်ငံ၏ အကြီးမားဆုံး အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေကြောင်း၊ ကမ္ဘာ့အကြီးဆုံး အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများစာရင်းတွင် အဆင့်(၂၃)နေရာ၌ ရှိနေကြောင်း၊ လက်ရှိအားဖြင့် ချေးငွေအဖွဲ့ဝင်ပေါင်း လေးသိန်းကျော်ရှိပြီး လည်ပတ်နေသော ချေးငွေပမာဏမှာ ကျပ်သန်းထောင်ပေါင်း ၃၆ ရှိကြောင်း၊ ချေးငွေများ၏ ပြန်ဆပ်နိုင်မှုပမာဏမှာ ၉၈ ရာခိုင်နှုန်းနှင့် အထက်ဖြစ်ကြောင်း၊ ချေးငွေအဖွဲ့ဝင်များထဲတွင် ၉၇ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း မြန်မာနိုင်ငံအသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ထံမှ သိရှိရသည်။

(ဇာဏီ)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဆက်လက်ဖြန့်ဖြူးနိုင်ရန် ကျော-ဂန့်ဂေါ-ဟားခါး (၆၆) ကေဗွီဓာတ်အားလိုင်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျော-ဂန့်ဂေါ ဓာတ်အားလိုင်းအပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန်လျာထားပါကြောင်း။

ထီးလင်းမြို့တွင် ဌာနပိုင် ဒီဇယ်စက်နှစ်လုံးတို့ဖြင့် ဓာတ်အားပေးလျက်ရှိပြီး ယင်းမြို့နယ်အား နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးမည်ဆိုပါက ပေါက်ဓာတ်အားခွဲရုံမှတစ်ဆင့် (၆၆) ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးရမည်ဖြစ်ကာ ခန့်မှန်းဓာတ်အားလိုင်းအရှည် ၄၅ မိုင်ခန့် တည်ဆောက်ရမှာဖြစ်ပါကြောင်း၊ ထို့အပြင် ဆောမြို့နယ်မှာလည်း လက်ရှိအခြေအနေတွင် ဌာနပိုင် ဒီဇယ်စက်တစ်လုံးဖြင့် ဓာတ်အားပေးလျက်ရှိပြီး ဒီဇယ်စက်တစ်လုံးကို အရန်ထားရှိပါကြောင်း၊ ဆောမြို့သို့ နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ဓာတ်အားပေးရန်အတွက် ပေါက်-မင်းတပ် (၆၆)ကေဗွီဓာတ်အားလိုင်းမှ တစ်ဆင့်သာ ဓာတ်အားပေးနိုင်မှာဖြစ်ပါကြောင်း။

နိုင်ငံတော် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှု အခြေအနေအရ ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးလျာထား ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် နောင်လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်လာနိုင်ပါက ဓာတ်အားပေးနိုင်ရေး ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကယားပြည်နယ်တွင် မြို့နယ် မြို့ခုနစ်မြို့ရှိသည့်အနက် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်းမြို့၊ ငါးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး ကျန်မြို့နယ်နှစ်မြို့ဖြစ်သည့် ရှားတောနှင့် မယ်စဲ့မြို့များနှင့် မြို့နယ်ခွဲမြို့ဖြစ်သည့် ရွာသစ်တို့တွင်လည်း ဒီဇယ်အင်ဂျင်စက်များနှင့် ဓာတ်အားပေးလျက်ရှိပါကြောင်း၊ မော်ချီးတိုက်နယ်ဒေသတွင် မော်ချီးသတ္တုတွင်းမှ ဝန်ထမ်းအများစုရှိနေပြီး သတ္တုတွင်းပိုင် ၂၈၀ ကီလိုဝပ် အသေးစားရေအားလျှပ်စစ်စက်နှစ်လုံးဖြင့် ဓာတ်အားပေးနေသည်ဟု သိရှိရပါကြောင်း၊ ကယားပြည်နယ်အတွင်း ဓာတ်အားပေးရန် ကျန်ရှိနေသည့် အထက်ပါမြို့နယ်များ၊ မြို့နယ်ခွဲနှင့် တိုက်နယ်တို့အား နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

ချင်းပြည်နယ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးသော်လည်း ကန်ပက်လက်မြို့ အပါအဝင် ဟားခါး၊ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါး၊ ရိဒ်ခေါဒါရ်၊ မင်းတပ်၊ မတူပီ၊ ရေဇွာမြို့များတွင် ပြည်နယ်၊ ခရိုင်၊မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့လျှပ်စစ်ရုံးစုစုပေါင်း ၁၁ ရုံး ဖွင့်လှစ်၍ အင်ဂျင်စက်များ၊ အသေးစား ရေအားလျှပ်စစ်စက်များဖြင့် ဓာတ်အားပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပိုမိုထွက်ရှိလာမည့် အခြေအနေများအရ ချင်းပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ရန် ရည်မှန်းပြီး ဓာတ်အားရောက်ရှိပြီးဖြစ်သည့် ကျောမှတစ်ဆင့် ဂန့်ဂေါမြို့ကို (၆၆)ကေဗွီဓာတ်အားလိုင်း မိုင် ၃၀ နှင့် ဆက်စပ်ဓာတ်အားခွဲရုံများ တည်ဆောက်သည့် လုပ်ငန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်၍ ဂန့်ဂေါ-ဟားခါး၊ ဟားခါး-ဖလမ်း-သိုင်းငင်း-ကလေး-ကလေးဝ၊ ကလေး-တမူး၊ ပေါက်-မင်းတပ်၊ မင်းတပ်-မတူပီ (၆၆)ကေဗွီဓာတ်အားလိုင်းများနှင့် ဆက်စပ်ဓာတ်အားခွဲရုံများကို အထူးစီမံကိန်းများအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ စီမံကိန်းများနှင့် မြစ်သာ၊ မဏိပူရ ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးပါက ချင်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ပိုမို အသုံးပြုလာနိုင်မှာဖြစ်ပါကြောင်း။

တစ်ဖန် လေးမြို့၊ စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးပါက ရခိုင်ပြည်နယ် ကျောက်တော်မြို့မှ တစ်ဆင့် ချင်းပြည်နယ် ပလက်ဝမြို့ကိုလည်းကောင်း၊ ပေါက်-မင်းတပ်-မတူပီ ဓာတ်အားလိုင်း တည်ဆောက်ပြီးပါက မကွေးတိုင်းဒေသကြီး ဆောမြို့မှတစ်ဆင့် ချင်းပြည်နယ် ကန်ပက်လက်မြို့ကိုလည်းကောင်း ဓာတ်အားလိုင်း ဆက်သွယ်ပို့လွှတ်နိုင်မှာဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦးက **"ချောင်းပြန့်ကျေးရွာ ထင်းစိုက်ခင်းဧက ၅၀ အား ထင်းစိုက်ခင်းမှန်းသိရှိလျက် ခုတ်သိမ်းရောင်းချပြီး ကျူးကျော် စိုက်ပျိုးမှုအပေါ် အရေးယူဆောင်ရွက်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ မေးမြန်းသည်။

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြန်လည်ဖြေကြားရာတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကဖိုင်းကျေးရွာအုပ်စု ချောင်းပြန့်ကျေးရွာသည် ဘီးလင်းကြိုးဝိုင်း အကွက်အမှတ်(၁၃)တွင် တည်ရှိပြီး ရွာမြေဧရိယာ ဧက ၇၀ ရှိပါကြောင်း၊ ဘီးလင်းကြိုးဝိုင်းအတွင်း ကျေးရွာသုံး စိုက်ခင်းများအနက် စုစုပေါင်းဧက ၄၀ ကို ချောင်းပြန့်ကျေးရွာသို့ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ အဆိုပါစိုက်ခင်းများကို ချောင်းပြန့်ကျေးရွာသားများက ခုတ်ယူသုံးစွဲကြပြီးဖြစ်သည့်အတွက် ၂၀၁၁ခုနှစ် ဧပြီလတွင် ၎င်းစိုက်ခင်းမြေနေရာ ဧက ၄၀ ကို သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံပြီးဖြစ်ပါကြောင်း၊ ယနေ့အထိ ၎င်းမြေဧရိယာကို မည်သည့်ပုဂ္ဂလိကကိုမျှ စိုက်ပျိုးလုပ်ကိုင်ခွင့် ပေးထားခြင်းမရှိကြောင်း၊ ဌာန၏ ခွင့်ပြုချက်မရရှိဘဲ အထက်ပါ ကျေးရွာသုံး စိုက်ခင်းဧရိယာတွင် သီးနှံများ စိုက်ပျိုးထားခြင်းအပေါ် သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနသို့ အဆိုပါမြေနေရာ ပြန်လည်အပ်နှံပြီး ဖြစ်သည့်အတွက် ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ကျေးရွာလူထု၏ ရန်ပုံငွေ သို့မဟုတ် ဌာနရန်ပုံငွေဖြင့် ကျေးရွာပိုင် ထင်းစိုက်ခင်းများကို ပြန်လည်တည်ထောင်သွားမှာဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးထွန်းမြင့် တင်သွင်းထားသည့် **"သစ်တောကြိုးဝိုင်းဧရိယာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏ သားသမီးများ ပညာရေးကို စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ပြန်လည် ရုပ်သိမ်းရန်နှင့် မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းရန် လွှတ်တော်က ဆုံးဖြတ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **"ပါရဂူဘွဲ့ပေးသည့် တက္ကသိုလ်များ၏ အဆင့်အတန်းမြင့်မားရေးတွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှ အဆင့်မီစေပြီး ဒုတိယအဆင့်အနေဖြင့် ကမ္ဘာ့အဆင့်မီစေရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဝင်းမောင်က **"ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ ပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ် သာမက ဒုတိယနှစ် သင်တန်း၌ ပင်ရင်းမြန်မာစာ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာမြဦးက **" နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုနှင့် **"ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတို့ကို လည်းကောင်း တင်သွင်းကြသည်။

ယင်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၁ခုနှစ် ဩဂုတ် ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦး အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးရယ် မေးမြန်းစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရွှေပြည်သာစက်မှုဇုန် ဆိပ်ကမ်းသာလမ်း ပြုပြင်ရေး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရွှေပြည်သာမြို့နယ် ဝါးတစ်ရာရှိ ဆိပ်ကမ်းသာလမ်း လှိုင်မြစ်ရေတိုက်စား၍ ပြိုကျပျက်စီးမှု အခြေအနေနှင့် ဆိပ်ကမ်းသာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ရွှေပြည်သာစက်မှုဇုန် ဥက္ကဋ္ဌများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆိပ်ကမ်းသာလမ်း ပြုပြင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

○ ပင်လယ်ဒီလှိုင်းမှ

တစ်လုံးလျှင် တန်ချိန် ၃၅၀ အလေးချိန်ရှိသော တာဘိုင်စက်များက ပေါ်ထွက်သောအသံဗလံများကြောင့် ဝေလငါးများ၊ အခြားသောရေနေသတ္တဝါများနှင့် ရေငုပ်တတ်သော ငှက်များ၏ ဘာသာဘာဝကျက်စားနေနိုင်မှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို သိရှိနိုင်ရန် သိပ္ပံပညာရှင်များက လက်တွေ့စမ်းသပ်မှုများပြုလုပ်ကာ လေ့လာလျက်ရှိသည်။

ကနဦးအကောင်အထည်ဖော်မည့် ဒီလှိုင်းစွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းအောင်မြင်မှုရရှိပါက ဝါရှင်တန်ပြည်နယ်၊ မိန်းပြည်နယ်၊ နယူးယောက်ပြည်နယ်နှင့် အလာစကာပြည်နယ်တို့၌ ပင်လယ်ဒီလှိုင်းလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ပင်လယ်ဒီလှိုင်း လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝါရှင်တန်ပြည်နယ်ရှိ သိပ္ပံပညာရှင်များက ဦးဆောင်လှုပ်ရှားလျက်ရှိကြသည်။

ဝါရှင်တန်ပြည်နယ်ရှိ ကာဗွန်အခြေပြုလောင်စာများကို အစဉ်အလာအရ သုံးစွဲခဲ့ရာမှ သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်ခြင်းမရှိသော စွမ်းအင်နည်းပညာဖြင့် ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုးတက်သုံးစွဲသွားနိုင်ရန် သုတေသနလေ့လာမှုများ ပြုလုပ်လျက်ရှိကြသည်။

အင်တာနက်။

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာ့ရှုခင်း
၇း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	၅။	ဗွီစီဒီကျော်ကြားတေး
၄း၄၅	၆။	မွေးမြူသုတ
၄း၅၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၈။	သန့်စွာကိုင်လေစက္ကူငွေ
၅း၁၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၀။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၉၄)**
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၃။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၄။	ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၅၁)
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာ့စံအိမ် (အပိုင်း-၅၅)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဗိုတာဝန်အရေး(၃)ပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အနုပညာရှင်၏တစ်နေ့တာ
	၂၂။	ကုန်သွယ်သုတ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၃၄)**
	၂၅။	ဂီတရင်ခုန်သံ

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးတရုတ်ပြည်သူ့အသင်း ဒုတိယဥက္ကဋ္ဌနှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H. E. Mr. Feng Zuoku သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးတရုတ်ပြည်သူ့အသင်း ဒုတိယဥက္ကဋ္ဌနှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H. E. Mr. Feng Zuoku လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရွှေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၆/၂၀၁၁)နှင့် (၁၀/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၁၀/၂၀၁၁)ကို ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၆/၂၀၁၁)ကို မွန်းလွဲ ၁ နာရီတွင် လည်းကောင်း နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာ စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မယ်ဒလင်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ထူးမခြားနား	(သီချင်းခံ)
(ခ)	မြရည်နန္ဒာ	(ဘွဲ့)
(ဂ)	မှုန်ပြာဝေ	(ယိုးဒယား)
(ဃ)	ကျွန်းကျွန်းပိုင်သ	(ကြိုး)
(င)	ရေယမုန်	(ပတ်ပျိုး)
(စ)	တောမြိုင်စွန်းက	(ယိုးဒယား)
(ဆ)	ပြည်ပြည်မင်းပေါင်း	(သီချင်းခံ)
(ဇ)	မဲဇာတောင်ခြေ	(ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	မြနဒီ	(ကာလပေါ်) (မြင့်မြင့်ရှိန်)
(ခ)	ရွှေပြည်တော်သည်	(ပတ်ပျိုး)
(ဂ)	ဇမ္ဗူရောင်ကွန့်	(ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	ဝေဇယန်နှင့်နှုန်းငြား	(ကြိုး)
(ခ)	ဆန်းနွေဦး	(ယိုးဒယား)
(ဂ)	မေတ္တာဂုဏ်	(ကာလပေါ်) (ပြည်လှဖေ)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	မောင့်သက်လယ်	(ကာလပေါ်) (ဂီတာစိမ်းမောင်)
(ခ)	နန်းဘုံသီဟာဇွေ	(ယိုးဒယား)
(ဂ)	အတိုင်းမသိမင်္ဂလာကျက်သရေ	(မင်္ဂလာဩဘာဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	ဝေဘာဂီရိ	(ကြိုး)
(ခ)	တောဟေဝန်လယ်	(ယိုးဒယား)
(ဂ)	စိန္တာမဏိ	(ကာလပေါ်) (စောင်းဦးဘသန်း)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	နှလုံးသားကိုအလှဆင်ပါ	(ကာလပေါ်) (မိုးအဖွဲ့)
(ခ)	သီလာမြေယံ	(ကြိုး)
(ဂ)	သာယာ သာယာ	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်။)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ပရိညာသုံးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရဆရာတော်ဘဒ္ဒန္တသံဝရ)
၆း၃၅	ထင်ရှားဖူးမြော်ပင်းတယ ရွှေဥမင် သဘာဝလိုဏ်ဂူတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၄၈)**
၈း၅၀	နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၉း၀၅	Activities In The City
၉း၄၀	စက်မှုပညာလေ့လာစရာ (PISTON)
၁၀း၀၀	လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
၁၀း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၁၀း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၅	ဘိုးရတနာသောက်ရေသန့် (မကွေးမြို့)
၁၁း၃၀	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၅၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၂၀	Activities In The City
၁၂း၃၅	ဈာဉ်ကြွနေသည့်အလား ရှင်တော်မြတ်အားပူဇော်ပါ၏ဘုရား
၁း၀၀	"ပရိညာသုံးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရဆရာတော်ဘဒ္ဒန္တသံဝရ)
၁း၄၅	ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၂း၀၀	MRTV-4 သတင်း
၂း၂၀	Quiz Idol
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၆)**
၄း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၄၈)**
၅း၁၀	ရွှေပြည့်စုံဈေးဆိုသည်မှာ
၅း၃၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "I Love You"
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၇)**
၇း၁၀	Style ရှိမှ Star ဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနုပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၉)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၀	သဒ္ဓါကြည်ဖြူကုသိုလ်ယူ သက္ကလနယ်မှ ရှင်(၁၀၈)ပါး ရှင်ပြုအလှူ
၁၁း၀၀	အားကစားမြင်ကွင်းစုံ
၁၁း၃၀	ဂီတသရုပ်ပြခန်း
၁၁း၅၀	အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
၁၂း၂၀	သင်ယူလေ့လာဂီတပညာ
၁၂း၄၀	မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
၁၂း၅၅	အများမြင်စရာ နှစ်ပါးသဘင်မဟာ
၁း၄၅	လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်. . .
၁း၅၅	Shooting Location
၂း၁၅	မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၂း၂၅	နုယဉ်ဆန်းထွင်ပန်းအလှဆင်
၂း၄၅	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	မုံရွာမြို့သို့အလည်တစ်ခေါက်
၄း၁၅	ဧဒင်၏ရေကုထုံး
၄း၂၅	တရားဓမ္မများပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၄၅	ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမု စေတီတော်မှာ
၅း၀၀	အစီအစဉ်ပြီး။

နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ဆက်ဆံရေးမှာ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် တရုတ်-မြန်မာသံတမန်ဆက်ဆံရေးသည် နှစ် (၆၀)တိုင်ခဲ့ပြီလည်းဖြစ်သည်။ အဆိုပါ ကာလများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရေးခရီးများသွားလာ၍ နှစ်နိုင်ငံအကျိုး၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ခဲ့ကြသည်။

"တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံအကြား ပြည်သူများနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာရေးပင်ဖြစ်ပါတယ်။"
[တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Feng Zuoku]

နှစ်နိုင်ငံခေါင်းဆောင်များသာမက ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နှစ်နိုင်ငံပြည်သူများလည်း အပြန်အလှန် ကူးလူးဆက်သွယ်မှုများ ရှိခဲ့ကြသည်။ ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးများကြောင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးကို များစွာအထောက်အကူ ပြုခဲ့ပေသည်။

ယင်းသို့ ကူးလူးဆက်သွယ်မှုများအနက် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား မြန်မာ့သတင်းစဉ် (ပြည်တွင်း) သတင်းအဖွဲ့က ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီတွင် ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr.Feng Zuoku က တရုတ်-မြန်မာချစ်ကြည်ရေးအသင်းကို ၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်တွင် ပြန်လည်ဖွဲ့စည်း ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်း၏ အဓိကရည်ရွယ်ချက်မှာ နှစ်နိုင်ငံအကြား ပြည်သူများနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာရေးပင်ဖြစ်ကြောင်း၊ ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန် နားလည်မှု ပိုမိုရရှိလာစေမှာဖြစ်ကြောင်း၊ ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်အတွက် နှစ်နိုင်ငံပြည်သူများအကြား ကောင်းမွန်သည့် ဆက်ဆံရေး အခြေခံကောင်းများဖြင့် ဆောင်ရွက်သွားလိုကြောင်း မိမိတို့သတင်းအဖွဲ့အား ပဏာမ ရှင်းလင်းပြောကြားသည်။

မြန်မာသတင်းအဖွဲ့။ ။ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းရဲ့ အဓိက လုပ်ငန်းရည်ရွယ်ချက်များကို မြန်မာပြည်သူတွေ ယခုထက် ပိုမိုသိရှိအောင် ဥက္ကဋ္ဌကြီးအနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲခင်ဗျာ။

တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Feng Zuoku။ ။ ၁၉၅၂ ခုနှစ်တုန်းက မြန်မာပြည်မှာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဆိုတာ ရှိခဲ့ပါတယ်။ ဒီလို နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်းတွေ ပြန်လည်ထူထောင်ဖို့ ဆန္ဒရှိပါတယ်။ ဒါဆိုရင် ကျွန်တော်တို့အသင်းနဲ့ မြန်မာနိုင်ငံမှာ ဆက်ဆံရမယ့် အသင်းရှိလာမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား သတင်းတွေ အပြန်အလှန် ဖလှယ်နိုင်မှာဖြစ်ပါတယ်။နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများအတွက်လည်း ရှာဖွေလေ့လာနိုင်ပါတယ်။ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းကြီးကနေ မြန်မာပြည်သူတွေကို မိတ်ဆက်ချင်ပါတယ်။ တရုတ်နိုင်ငံမှာ ပြုလုပ်မယ့် ဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေကို မီဒီယာကတစ်ဆင့် မြန်မာပြည်သူတွေကို မိတ်ဆက်ပေးချင်ပါတယ်။

ယခုလာတဲ့ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှာ အဖွဲ့ဝင် ၅၀ လိုက်ပါလာပါတယ်။ ဒီအဖွဲ့ဝင်တွေထဲမှာ ပြည်နယ် ၁၀ ခုနဲ့ အစိုးရအဖွဲ့မှ ဝန်ထမ်းများလည်း ပါဝင်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင် ၂၀ လောက်လည်း ပါပါတယ်။ ယဉ်ကျေးမှု၊ ပညာရေး၊ အနုပညာ နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေလည်း ပါပါတယ်။ ပထမဆုံးအကြိမ် မြန်မာနိုင်ငံကို လာရောက်လည်ပတ်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သိသာ၊ မြင်သာ၊ ထင်သာတဲ့အချက်တွေကို သူတို့ရဲ့ ဌာန၊ သူတို့ရဲ့ ပြည်နယ်ကို ပြန်ရောက်သွားရင် မြန်မာပြည်ရဲ့ အကြောင်းကို ပြန်ပြောကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လာသလိုပဲ မြန်မာကိုယ်စားလှယ်အဖွဲ့တွေ တရုတ်နိုင်ငံကို လာရောက်လည်ပတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်။

တရုတ်-မြန်မာချစ်ကြည်ရေးအသင်းကို အစိုးရမဟုတ်သည့် NGO အဖွဲ့အဖြစ် ထူထောင်ခြင်းဖြစ်ကြောင်း သိရှိရသည်။ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Feng Zuoku သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးအသင်း(the Chinese People's Association for Friendship with Foreign Countries) တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူလည်း ဖြစ်သည်။ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတွင် စီးပွားရေးကဏ္ဍမှ လုပ်ငန်းရှင်များအများအပြား ပါဝင်ပေသည်။

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်သည် တရုတ်-မြန်မာသံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့်သောနှစ်ဖြစ်ပြီး ယင်းအချိန်မှစ၍ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ပြန်လည်ထူထောင်ရန် လုပ်ငန်းများစခဲ့ကြောင်းလည်း သိရှိရသည်။ တစ်နှစ်ကြာ ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်တွင် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းကို ပြန်လည်ဖွဲ့စည်း ထူထောင်နိုင်ခဲ့ကြောင်းဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက မိမိတို့သတင်းအဖွဲ့ကို ရှင်းပြသည်။

တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ပြန်လည်ထူထောင်ပြီးနောက် နှစ်နိုင်ငံ ပြည်သူများ၏ ဆက်ဆံမှုနှင့် ချစ်ကြည်မှု ပိုမိုတိုးမြှင့်ရေးမှာ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းကြီး၏ အဓိကရည်ရွယ်ချက်များပင်ဖြစ်ကြောင်း သိရှိရသည်။

"နှစ်နိုင်ငံအနေနဲ့ အစိုးရများ ပြောင်းလဲတာရှိပါတယ်။ နှစ်နိုင်ငံပြည်သူတွေရဲ့ ဆက်ဆံမှုကောင်းမွန်နေမယ်ဆိုရင် အစိုးရများ ပြောင်းလဲမှုရှိသော်လည်း ပြည်သူများရဲ့ ဆက်ဆံရေးကို ထိခိုက်မယ်လို့ မထင်ပါဘူး။ နှစ်နိုင်ငံကြား ပြည်သူတွေ ချစ်ကြည်ရေးကောင်းမွန်ဖို့ဆိုရင် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းကြီးက အလုပ်တွေ အများကြီး လုပ်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ဟာ သံတမန်ဆက်ဆံရေး ထူထောင်တဲ့ကဏ္ဍမှာ အစောဆုံး ဆောင်ရွက်တဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ အာဆီယံ နိုင်ငံတွေထဲမှာသာမက အာရှနိုင်ငံတွေထဲမှာလည်း ပထမဦးဆုံး သံတမန် ဆက်ဆံရေးထူထောင်တဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးထူထောင်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးဟာ အထူးတိုးတက် ကောင်းမွန်လျက်ရှိပါတယ်။ တရုတ်နိုင်ငံမှ ခေါင်းဆောင်တွေ မြန်မာပြည်ကို လာလည်ကြတာ အများကြီးရှိပါတယ်။ ဒီလို တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူတွေအကြား ဆက်ဆံမှုတွေ တိုးတက်မှုရှိတဲ့အတွက် နောင်မှာလည်း ပိုမိုတိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်"ဟု အသင်းဥက္ကဋ္ဌ Mr.Feng Zuoku က သတင်းအဖွဲ့အား ရှင်းပြသည်။

အသင်းဒုတိယဥက္ကဋ္ဌ Mr. Zhiyuan Geng ကိုလည်း သတင်းအဖွဲ့က ဆက်လက်တွေ့ဆုံမေးမြန်းခဲ့သည်။ အသင်းဒုတိယဥက္ကဋ္ဌ Mr. Zhiyuan Geng က ၎င်း၏ဖခင်မှာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ၁၉၆၂-၁၉၆၆ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း၊ ဖခင်၏ ပြောစကားများမှ တစ်ဆင့် မြန်မာနိုင်ငံအကြောင်းကို များစွာသိရှိရ၍ ထူးခြားသော စေတနာများ ရှိခဲ့ကြောင်း ပဏာမ ပြောကြားသည်။

မြန်မာသတင်းအဖွဲ့။ ။ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် မိမိတို့နိုင်ငံက NGO အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလား။

တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ။ ။ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ ကော်မတီဝင်များဟာ သာသနာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေး စသည့် ကဏ္ဍအသီးသီးမှာ ထူးချွန်သူများဖြစ်ပါတယ်။ မိမိတို့အနေနဲ့ နှစ်ဦးနှစ်ဖက် ကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်မယ့် ကော်မတီတစ်ခု ဖွဲ့စည်းရန် မျှော်လင့်ပါတယ်။ တရုတ်-မြန်မာနယ်စပ်ဒေသမှာ နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်တစ်ခု ထူထောင်နိုင်ရေးကို မျှော်လင့်ပါတယ်။ နှစ်ဦးနှစ်ဖက် အကျိုးရှိမှာ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို ထူထောင်ချင်ပါတယ်။ ကုန်သည်/စက်မှု အသင်းချုပ် (UMFCCI) ကိုလည်း ယနေ့ သွားရောက်ခဲ့ပြီး တာဝန်ရှိသူများနဲ့ တွေ့ဆုံခဲ့ပါတယ်။

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးတွင် တရုတ်-မြန်မာချစ်ကြည်ရေး အသင်းသည် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရေးကိုသာမက နှစ်နိုင်ငံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းရေးအတွက်လည်း များစွာအထောက်အကူပြုသွားမည့်အသင်းဖြစ်ကြောင်း သတင်းအဖွဲ့က ယုံကြည်မျှော်လင့်ပါသည်။

25-8)09.pmd 1 8/25/2011, 3:30 AM

ပြည်တွင်းပြည်ပအားကစားသတင်းများ

ဇေယျာရွှေမြေနှင့် မကွေး ဆီမီးတက်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် ဩဂုတ် ၂၄

MFF Max Cement Cup 2011 ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ကျင်းပရာ ဇေယျာရွှေမြေအသင်းနှင့် မကွေးအသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေ - သုံးဂိုး

(ဘော့စကို-နှစ်ဂိုး၊ ဒရာဂန်)

မနောမြေ - ဂိုးမရှိ

စနေနေ့က ကစားခဲ့သည့် အမှတ်ပေးပွဲတွင် ရန်ကုန်ယူနိုက်တက်ကို အနိုင်ကစားပြီး ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည့် ဇေယျာရွှေမြေအသင်းမှာ ယခု ရှုံး/ထွက်ပွဲတွင်လည်း မနောမြေကို ဂိုးပြတ်အနိုင်ကစားကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

အောင်ဆန်းကွင်း

မကွေး FC - သုံးဂိုး

(အဘိုလာဂျီနှင့် စည်သူဝင်း၊ ရက္ခပူရ ကိုယ့်ဂိုးကိုယ့်သွင်း)

ရက္ခပူရယူနိုက်တက် - နှစ်ဂိုး

(စတန်လေ)

ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် နေပြည်တော်အသင်းနှင့် ဇေယျာရွှေမြေအသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကစားရမည့်ရက်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

ဇေယျာရွှေမြေမှ ကျော်ကိုကိုအား မနောမြေ နောက်ခံလူ နှစ်ဦးက ထိန်းကပ်ကစားနေစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များပူးပေါင်း၍ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်စွာ ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ရေးအတွက် ရည်ရွယ်ပြီး နှစ်စဉ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ လာမည့်စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ (၁၆)ကြိမ်မြောက် ဂျူဒိုပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌လည်းကောင်း၊ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ (၁၇)ကြိမ်မြောက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပိုက်ကျော်ခြင်းအားကစားရုံ(သုဝဏ္ဏ)၌လည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁၅ ရက် အထိ (၁၆)ကြိမ်မြောက် အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ (၈)ကြိမ်မြောက် ရေကူးပြိုင်ပွဲကို အမျိုးသားရေကူးကန်၌ လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ တတိယအကြိမ်မြောက် ဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဟိုဆေးမော်ရင်ဟို ၁၂ ပွဲပယ် ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိ

မက်ဒရစ် ဩဂုတ် ၂၄

ရီးယဲလ်မက်ဒရစ်အသင်း၏ နည်းပြ ဟိုဆေးမော်ရင်ဟိုသည် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်စူပါဖလားဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွင် နှစ်ဖက်ကစားသမားများ ဖြစ်ပျက်ခဲ့သည့် ရန်ပွဲတွင် ကိုယ်ထိလက်ရောက် ပါဝင်ကျူးလွန်ခဲ့၍ ယခုအချိန်တွင် စပိန်ဘောလုံးအဖွဲ့ချုပ်က ၎င်းကို ၁၂ ပွဲပယ်ပြစ်ဒဏ်ချမှတ်ရန် ပြင်ဆင်နေပြီ ဖြစ်သည်။

မော်ရင်ဟိုသည် ယင်းပွဲ၏ ပြဿနာတွင် အဓိကပါဝင်ခဲ့သူ တစ်ဦးဖြစ်ခဲ့ပြီး ၎င်းသည် ဘာစီလိုနာအသင်း လက်ထောက်နည်းပြဖြစ်သူ တီတိုဗီလာနိုဗာကို ကိုယ်ထိလက်ရောက် တွန်းထိုးခဲ့သည်ဟု ဆိုသည်။ အဆိုပါ ဖြစ်စဉ်ကို အင်္ဂါနေ့က စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

မော်ရင်ဟိုအား ပြန်လည်ဆောင့်တွန်းပြီး လက်တုံ့ပြန်ခဲ့သည့် ဘာစီလိုနာအသင်း လက်ထောက်နည်းပြ တီတိုဗီလာနိုဗာကို စပိန်ဘောလုံးအဖွဲ့ချုပ်က လေးပွဲပယ် ပြစ်ဒဏ်ချမှတ်မည်ဖြစ်သကဲ့သို့ ယင်းပွဲတွင် အနီကတ်ပြစ်ဒဏ်ထိခဲ့သည့် ဘာစီလိုနာ တိုက်စစ်မှူး ဒေးဗစ်ဗီလာနှင့် ရီးယဲလ်မက်ဒရစ် ကစားသမားများဖြစ်ကြသည့် မာဆယ်လိုနာနှင့် အိုဇေးလ်တို့ကို တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်သည်။ လတ်တလောအချိန်တွင် ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟိုသည် စပိန်မီဒီယာပိုင်းတွင် သတင်းကြီးနေသကဲ့သို့ စပိန်ဘောလုံးပရိသတ်များ၏ ဝေဖန်ထိုးနှက်ခြင်းကိုလည်း ခံနေရသည်။

အင်တာနက်။

တော်ဝင်မြေ ဖူဆယ်အားကစားအသင်းဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၂၄

မြန်မာ့လက်ရွေးစင် ဖူဆယ်အားကစားသမားများ ပေါ်ထွန်းရန်နှင့် နိုင်ငံတကာပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲများ ရရှိနိုင်ရေး ရည်ရွယ်လျက် တော်ဝင်မြေ ဖူဆယ်အားကစားအသင်းကို မြန်မာ့လက်ရွေးစင် ဖူဆယ်အားကစားသမားများအား အခြေခံ၍ မကြာမီက ဖွဲ့စည်းခဲ့ရာ မျိုးဆက်သစ်အားကစားသမားများလည်း ပါဝင်ကြသည်။ ဖူဆယ်အားကစားသမားများအား အပြည်ပြည်ဆိုင်ရာ ဖူဆယ်အားကစားသမားများ၏ စံချိန်စံညွှန်းများနှင့်အညီ စာချုပ်ချုပ်ဆိုခေါ်ယူခြင်းဖြစ်သည်။

တော်ဝင်မြေ ဖူဆယ်အားကစားအသင်း၌ မြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်ကြသော ရဲနောင်၊ သန်းထူးဇော်၊ သန်းဇင်ဦး၊ ကျော်ကျော်စိုး၊ ဇော်မိုးနိုင်တို့ ပါဝင်ကြကြောင်းနှင့် နည်းပြချုပ် ဦးအောင်ထွေးနှင့် နည်းပြများက လေ့ကျင့်ပေးလျက်ရှိသည်။

(သတင်းစဉ်)



မော်စကို ဩဂုတ် ၂၄

ရုရှားပရီမီယာလိဂ် ဘောလုံးအသင်းတစ်သင်းဖြစ်သည့် အန်ဇီမာ့ခက်ကာလာသည် ကင်မရွန်း၏ ဘောလုံးငွေကြယ်ပွင့် ဆမ်မြူယယ်အီတူး၏ အပြောင်းအရွှေ့အတွက် အင်တာမီလန်နှင့် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း ဩဂုတ် ၂၃ ရက်တွင် အတည်ပြုလိုက်သည်။

ဆမ်မြူယယ်အီတူး၏ အပြောင်းအရွှေ့ကို အတည်ပြုကြောင်း၊ ပြောင်းရွှေ့ကြေးနှင့် ပတ်သက်၍ နှစ်ဖက်အသင်းများက ကျေနပ်မှုရှိကြကြောင်း အန်ဇီ၏ တရားဝင်ဝက်ဘ်ဆိုက်က ထုတ်လွှင့်ထားသည့် ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသော်လည်း အပြောင်းအရွှေ့ကြေးပမာဏနှင့် ပတ်သက်၍ ဖော်ပြမထားကြောင်း သတင်းများကဆိုသည်။

"အာဖရိကတိုက်၏ တစ်နှစ်တာအတွက် အကောင်းဆုံးဘောလုံးသမား" လေးကြိမ်ရရှိထားသူ အီတူးသည် အန်ဇီနှင့် သုံးနှစ် ကန်ထရိုက်စာချုပ် ချုပ်လိုက်ခြင်းဖြစ်ပြီး ဩဂုတ် ၂၅ ရက်တွင် အသင်းနှင့်အတူ လေ့ကျင့်ခြင်းမပြုမီ ဆေးစစ်ဆေးမှုများ ပြုလုပ်နေပြီ ဖြစ်သည်။

အင်တာနက်။

နယ်သာလန်အသင်း ကမ္ဘာ့အဆင့်(၁)နေရာ ပထမဦးဆုံးရယူ

ဇူးရစ် ဩဂုတ် ၂၄

နယ်သာလန်အသင်းသည် ဖီဖာ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်(၁)နေရာကို ၁၃ လကြာ ရပ်တည်နိုင်ခဲ့သည့် **စပိန်အသင်းကို ကျော်ဖြတ်၍ ပထမဦးဆုံးအကြိမ် အဆင့်(၁)နေရာကို တက်လှမ်းလာနိုင်ခဲ့သည်။**

စပိန်အသင်းကမူ အဆင့်(၂) နေရာသို့ လျှောကျခဲ့ပြီး ဂျာမနီက တတိယနေရာတွင်ရှိနေကာ အင်္ဂလန်အသင်းမှာ လေးဆင့်ခုန်တက်၍ စတုတ္ထနေရာသို့ ရောက်ရှိလာခဲ့သည်။

ထို့ပြင် ဥရုဂွေးက အဆင့်(၅) နှင့် ဘောလုံးအင်အားကြီး ဘရာဇီးက အဆင့်(၆) တွင်သာ ရပ်တည်နိုင်ခဲ့သည်။

ယင်းတို့၏ နောက်တွင် အီတလီ၊ ပေါ်တူဂီ၊ အာဂျင်တီးနားနှင့် ခရိုအေးရှားတို့ရှိနေသည်။

အင်တာနက်။

ဥရောပဖလား ဘောလုံးခြေစစ်ပွဲအတွက် ရော်ဘီကိန်း အိုင်ယာလန်၌ပင် ရှိနေဦးမည်

ဒပ္ပလင် ဩဂုတ် ၂၄

အိုင်ယာလန်အသင်းခေါင်းဆောင် ရော်ဘီကိန်းသည် မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီသို့ ပြောင်းရွှေ့သွားပြီဖြစ်လင့်ကစားလာမည့်လအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၁၂ ဥရောပချန်ပီယံ ဘောလုံးခြေစစ်ပွဲအတွက် အိုင်ယာလန်အသင်းမှ ၎င်း၏နေရာမှာပင် ဆက်ရှိနေဦးမည်ဟု ဆိုသည်။

အိုင်ယာလန် တိုက်စစ်မှူးဖြစ်သူ ရော်ဘီကိန်းသည် စက်တင်ဘာ ၂ ရက်တွင် အိမ်ကွင်း၌ ဆလိုဗက်ကီးယားနှင့် ကစားရမည့်ပွဲအတွက် အမေရိကန်ပြည်ထောင်စုမှ ပြန်လည်ရောက်ရှိလာမည်ဖြစ်ပြီး နောက်လေးရက်အကြာတွင် ရုရှားနှင့် ကစားရန်အတွက် မော်စကိုသို့ ဆက်လက်ထွက်ခွာရမည်ဖြစ်သည်။

ဩဂုတ် ၂၀ ရက် ညက ရော်ဘီကိန်းသည် မေဂျာလိဂ်ပွဲဦးထွက်အဖြစ် ဆန်ဟိုဆေးအတ်သ်ကွိတ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၂၁ မိနစ်တွင် ဒေးဗစ်ဘက်ခမ်း ဖြတ်တင်ပေးလိုက်သောဘောလုံးကို ဂိုးအဖြစ်ပြောင်းလဲရယူပေးနိုင်ခဲ့သည်။ ယင်းပွဲတွင် အယ်လ်အေဂလက်ဆီက ဆန်ဟိုဆေးအတ်သ်ကွိတ်ကို ၂-၀ ဖြင့် အနိုင်ရခဲ့သည်။ **အင်တာနက်။**

အိုင်ယာလန်အသင်းခေါင်းဆောင် ရော်ဘီကိန်း။

ကွင်းလယ်ဖန်တီးရှင် အီဒင်ဟာဇတ်ဒ်ကို အာဆင်နယ် ချဉ်းကပ်

လန်ဒန် ဩဂုတ် ၂၄

ယခုနှစ်ဘောလုံးရာသီတွင် အစစအရာရာ ဖရိုဖရဲနိုင်လွန်းလှသည့် အာဆင်နယ်အသင်းသည် ကွင်းလယ်အင်အားဖြည့်တင်းရန်အတွက် ပြင်သစ်လီဂူး လိုင်လီအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား အီဒင်ဟာဇတ်ဒ်ကို ခေါ်ယူရန် ချဉ်းကပ်လျက်ရှိကြောင်းသိရသည်။

အသက်(၂၀)ရှိ အီဒင်ဟာဇတ်ဒ်သည် ဘယ်လ်ဂျီယံလက်ရွေးစင်ကစားသမားတစ်ဦးဖြစ်ပြီး အာဆင်နယ်က ၎င်းကို ပေါင် ၂၆ သန်းထိပေး၍ ခေါ်ယူမည်ဟုဆိုသည်။ အီဒင်ဟာဇတ်ဒ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လိုင်လီအသင်းအတွက် အထူးခြေစွမ်းပြကစားပေးနိုင်ခဲ့သည်။ လိုင်လီအသင်း၏ GM ဖြစ်သူ ဖရက်ဒရစ် ပါကွက်က အီဒင်အနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် လိုင်လီအသင်းကို စွန့်ခွာသွားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် အာဆင်နယ်အသင်းကမူ အဆိုပါ ကစားသမားကို ဩဂုတ် ၃၁ ရက်မတိုင်မီ အပြီးသတ်ခေါ်ယူစာချုပ်နိုင်ရန် ကြိုးပမ်းသွားမည်ဟု ဆိုသည်။

အီဒင်ဟာဇတ်ဒ်**(ယာပုံ)**သည် ကွင်းလယ်ဗဟိုနှင့် တောင်ပံတို့တွင်ပါ အထူးကျွမ်းကျင်စွာ ကစားနိုင်သူဖြစ်သည်။ ၎င်းသည် နိုင်ငံအသင်းအတွက် ပွဲပေါင်း ၂၀ ပါဝင်ကစားပေးထားပြီး လိုင်လီအသင်းတွင် ပွဲပေါင်း ၁၁၀ ပါဝင်ကစားကာ ၁၆ ဂိုးသွင်းပေးထားသည်။

အင်တာနက်။

ဟန်သစ်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

မြစ်သာ၊ မဏိပူရ ရေအားလျှပ်စစ်စီမံကိန်းများပြီးစီးပါက ချင်းပြည်နယ်တွင် လျှပ်စစ်ပိုမိုသုံးနိုင်မည်

ခွင့်ပြုချက်မရှိဘဲ ကျေးရွာသုံး ထင်းစိုက်ခင်းဧရိယာတွင် သီးနှံများစိုက်ပျိုးခြင်းအပေါ် သစ်တောဥပဒေနှင့် အရေးယူမည်

နေပြည်တော် ဩဂုတ် ၂၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၀၈ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ တွင် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်း နှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စား လှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင် ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကြေညာ သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေက **“ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းစနစ် မည်သည့်အချိန် စတင်ခံစားရမည် သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ်က **“ကယားပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရန် ကျန်ရှိနေသည့် ရှားတောနှင့်မယ်စဲ့မြို့နယ် နှစ်ခု၊ ရွာသစ်မြို့နယ်ခွဲနှင့် အရေးပါသည့် မော်ချီးတိုက်နယ်တို့အတွက် လောပိတရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးပေးမည့် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမနားနိုင်းက **“ချင်းပြည်နယ်မှ စီးဆင်းလာသော မဏိပူရနှင့် မြစ်သာမြစ်တို့တွင် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်နေကြောင်း သိရှိရ၍ နိုင်ငံတော်က စီမံကိန်းကြီးများအဖြစ် တည်ဆောက်နေသည့် ဖော်ပြပါ ရေအားလျှပ်စစ်စီမံကိန်းများမှ ကန်ပက်လက်မြို့နယ်အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဓာတ်အားပေးလုပ်ငန်း စတင်နိုင်မည်၊ မရှိပါက နိုင်ငံတော်က အခြားသော အသေးစား၊ အလတ်စား ရေအားလျှပ်စစ် စီမံကိန်း တစ်ခုခုဖြင့် အစားထိုး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ”**နှင့်စပ်လျဉ်း၍ လည်းကောင်း မေးမြန်းကြသည်။

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တစ်ပေါင်းတည်း ပြန်လည် ဖြေကြားရာတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို လက်ရှိ ကျော့ဓာတ်အားခွဲရုံမှ တစ်ဆင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး တတိယ နေ့သို့ တက်ရောက်စဉ်။
(သတင်းစဉ်)

စွမ်းအင်နည်းပညာ အင်တာနက်သတင်း ➤ ဘာသာပြန် - တက်လှ

ပင်လယ်ဒီလှိုင်းမှ လျှပ်စစ်အားထုတ်လုပ်ရေး သိပ္ပံပညာရှင်များ စမ်းသပ်လေ့လာလျက်ရှိ

ပို့လန်း ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ၏ အကြီးဆုံးသော ဒီလှိုင်းဆိုင်ရာ စွမ်းအင် ထုတ်လုပ်ရေးတာဘိုင်စက်ကို ယခုနှစ်ကုန် နောက်ဆုံးထား၍ တပ်ဆင်ရန် စီစဉ်ထားကြောင်း၊ အဆိုပါ တာဘိုင်စက်ကို တပ်ဆင်အသုံးပြုခြင်းဖြင့် ဝေလငါးများအပေါ် ထိခိုက်နိုင်မှု ရှိ မရှိ ယခုအခါ သိပ္ပံပညာရှင်များ စမ်းသပ်လေ့လာလျက်ရှိကြကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပင်လယ်ဒီလှိုင်း၏ တွန်းကန်အားကို အသုံးချကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် တာဘိုင်စက်ကို အမေရိကန်နိုင်ငံ မိန်းပြည်နယ် ပို့လန်းမြို့၏ လျှပ်စစ်ဓာတ်အားပေးစနစ်အတွက် တပ်ဆင်မည်ဖြစ်သည်။

ပူးဂက်ဆောင်းဒေသ၌ တပ်ဆင်မည့် ဒီလှိုင်းလျှပ်စစ်ထုတ်လုပ်ရေး တာဘိုင်စက်များမှ ပေါ်ထွက်သောအသံကို ဝေလငါးများ မည်ကဲ့သို့ တုံ့ပြန်သည်ကို သိရှိနိုင်ရန် ဆီကွင်ပင်လယ်အော်ရှိ သုတေသနစခန်း၌ သုတေသီများက စမ်းသပ်လေ့လာလျက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ပင်လယ်ဒီလှိုင်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသည့် တာဘိုင်စက်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒီရေတောထိန်းသိမ်းစိုက်ပျိုးခြင်းလုပ်ငန်း ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဒီရေတောများ (အောက်ဝဲပုံ) **ပြုစုထိန်းသိမ်းစိုက်ပျိုးခြင်း လုပ်ငန်းကို ကဒုံကနီကြိုးဝိုင်း အကွက်အမှတ်(၄၈)လုံးဝ ထိန်းသိမ်းကာကွယ်တောအတွင်း ဆောင်ရွက်ခဲ့ကြသည်။**

ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီကလည်း မိန်းမလှကျွန်းဘေးမဲ့တော အကွက်အမှတ်(၁)ရှိ ရှင်းလင်းဆောင်၌ ကြိမ်ချောင်းကြီးကျေးရွာ အုပ်စုအတွင်းရှိ ပြည်သူများအား ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ များကိုအသိပညာပေးခဲ့ပြီး အုန်း၊ သရက်၊ ကွမ်းသီး၊ ပိန္နဲပျိုးပင်ပေါင်း ၅၀၆ ပင်ကို ပြည်သူလူထုထံ အခမဲ့ဖြန့်ဝေ၍ ကွက်လပ်ဖြည့် မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ထူးကဲဒီရေ တက်မည့်အကြောင်း သတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၂၄

၂၀၁၁ ခုနှစ် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၅ ပေခန့်မှ ၂၁ ဒသမ ၆ ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၈ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)